# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 1 July 2022 ၁၀၇၈၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် တိုးတက်မှုရှိသည့် အခြေအနေများ၊ NUG၊ CRPH တို့မှ ပေါက်ဖွားလာသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှု **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## ယနေ့ ဖတ်စရာ


ပခုက္ကူဦးအုံးဖေ တည်ထောင်သော (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆု

စာမျက်နှာ » ၆



လမ်းကွန်ရက် (၁၁)သွယ်ဖြင့် ဖွံ့ဖြိုးဝေစည်နေသည့် တိုင်းဒေသကြီး ရောဝတီ

စာမျက်နှာ » ၁၁

ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ယောက်မြောက်သမ္မတအဖြစ် ဖာဒီနန်မားကို့စ်ဂျူနီယာ ကျမ်းသစ္စာကျိန်ဆို

စာမျက်နှာ » ၁၃

ကြေးမုံ

# ကုန်သွယ်မှုကိုထိန်းသိမ်း နိုင်ငံ့စီးပွားမြှင့်တင်

မြန်မာနိုင်ငံ၏ ကုန်သွယ်စီးပွားဖွံ့ဖြိုးရေးတွင် နယ်စပ်ကုန်သွယ်ရေးကို အားထားနေရပေသည်။ နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်ဒေသများ အထူးသဖြင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိဒေသများ တည်ငြိမ်အေးချမ်းမှသာလျှင် တရားမဝင်ကုန်သွယ်မှုပပျောက်ရေးကို စနစ်တကျကိုင်တွယ်ဆောင်ရွက်နိုင်ပြီး တရားဝင်ကုန်သွယ်ရေးကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှု ဖြစ်ပေါ်လာရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အခွန်ရှောင်လွှဲလိုသည့် ရည်ရွယ်ချက်ဖြင့် တရားမဝင်ကုန်သွယ်ရေးကို ပြုလုပ်ခြင်း၊ ခွင့်မပြုသော တားမြစ်ကုန်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများကို တရားမဝင်ကုန်သွယ်ခြင်းတို့ကို ပြုလုပ်ကြသည်။ မြန်မာနိုင်ငံ၏ ကျယ်ပြန့်ရှည်လျားသော နယ်စပ်တစ်လျှောက်တွင် တရားဝင်နယ်စပ်ကုန်သွယ်ရေးကို ရှောင်လွှဲ၍ တရားမဝင်ကုန်သွယ်ကြသည်။ တရားမဝင်ကုန်သွယ်မှုကိုတိုက်ဖျက်ရာတွင် နယ်စပ်ဒေသဝင်ပေါက်များမှ သယ်ဆောင်မှုများ၊ သိုလှောင်မှုများကို ဖမ်းဆီးအရေးယူမှုများအပြင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်လည်း ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်သည်။

ပြည်တွင်းမှ လုပ်ငန်းရှင်များအနေဖြင့် မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းကို မကြည့်ဘဲ နိုင်ငံနှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထည့်သွင်းတွက်ချက်၍ ကုန်သွယ်မှုပြုကြမှသာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းမှကုန်သည်များ လွတ်လပ်လွယ်ကူစွာ ကုန်သွယ်မှုပြုနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးနေပြီး သွင်းကုန်/ထုတ်ကုန် တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှု ပပျောက်မှသာ ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်ပြီး ကုန်သွယ်မှုပိုငွေများ တိုးတက်ရရှိကာ နိုင်ငံတော်ဘဏ္ဍာငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရတစ်ရပ်တည်းကသာ တာဝန်ယူလုပ်ဆောင်၍ ရနိုင်မည်မဟုတ်ဘဲ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပြည်သူများပါ ပူးပေါင်းဆောင်ရွက်သင့်သည်။ မတော်လောဘစီးပွားရေးသမားများသည် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်နေသဖြင့် တရားမဝင်လုပ်ငန်းများ ဆက်လက်ရှိနေခြင်းဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံတွင် သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်ရန် အစိုးရက လုပ်ငန်းစဉ်များအား ဖြေလျှော့မှုများနှင့်အတူ လမ်းကြောင်းများစွာကိုဖွင့်ပေးခဲ့ရာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းများ လျင်မြန်စွာကြီးထွားလာသည်။ မြန်မာနိုင်ငံတွင် ရေကြောင်း၊ လေကြောင်းဖြင့် နိုင်ငံတကာကုန်ပစ္စည်းများအား ကုန်သွယ်ကြပြီး နယ်နိမိတ်ဆက်စပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ ဇုန်များမှတစ်ဆင့် ကုန်သွယ်ကူးသန်းရောင်းဝယ်ကြသည်။

မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၅ ခုရှိပြီး တရုတ်နိုင်ငံ နယ်စပ်တွင် စခန်းလေးခု၊ ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် စခန်းရှစ်ခု၊ အိန္ဒိယနိုင်ငံနယ်စပ်တွင် စခန်းနှစ်ခု၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် စခန်းနှစ်ခု အသီးသီးရှိသည်။ ထိုနယ်စပ်ကုန်သွယ်ရေးစခန်းများတွင် သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းလိုင်စင်အမျိုးမျိုးဖြင့် ကုန်သွယ်ကြပြီး တစ်နိုင်တစ်ပိုင် ကုန်သွယ်ကူးသန်းရောင်းဝယ်နိုင်ရန်အတွက်လည်း ခွင့်ပြုချက်များဖြင့် သတ်မှတ်ချက်အတိုင်း ကုန်သွယ်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ တရားမဝင်ကုန်သွယ်မှုရှိနေခြင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်။ တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသမျှ တရားဝင်လုပ်ကိုင်သောလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေသည်။ အထူးသဖြင့် နယ်စပ်ကုန်သွယ်မှုပမာဏလျော့ကျခြင်းမှာလည်း တရားမဝင်ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုကိန်းဂဏန်းများကို လေ့လာကြည့်လျှင် တရားမဝင်ကုန်သွယ်မှုများမှာ များစွာကွာဟမှုများရှိနေကြောင်း သိရှိရသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားရမည်ဖြစ်သည်။ အခက်အခဲများကြားမှ လက်ရှိကာလ တားဆီးထိန်းချုပ်မှုများကို အသိအမှတ်ပြုရမည်ဖြစ်ပြီး ဆက်လက်၍လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားမဝင်ကုန်သွယ်မှုကို သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကသာခရိုင်၌ မိုးသီးနှံစုံလျာထားချက်၏ ၅၀ ရာခိုင်နှုန်းကျော်စိုက်ပျိုးပြီးစီး

ကသာ ဇွန် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ၂၀၂၂-၂၀၂၃ ခုနှစ်မိုးသီးနှံစုံ လျာထားချက် ၃၆၁၀၁၉ ဧကရှိရာ ယခုနှစ် ဇွန်လဆန်းမှစ၍ မိုးစပါး ၁၃၇၃၂ ဧက၊ ပဲမျိုးစုံ ဧက ၆၅၀၊ ဆီထွက်သီးနှံ ၂၇၉ ဧက၊ ချက်ကြံ ၁၂၇၂၁ ဧက၊ စားဖိုဆောင်သီးနှံ ၃၆ ဧက၊ ပရဆေးပင် ၁၆၅ ဧကနှင့် အခြားသီးနှံ ၄၁၈၅၂ ဧက စုစုပေါင်း ၁၈၃၉၄၅ ဧက စိုက်ပျိုးခဲ့ပြီး လျာထားချက်၏ ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။



**ဖြစ်ထွန်းအောင်မြင်**

ယခုနှစ်တွင် ဆီထွက်သီးနှံနေကြာကို ၃၂၉၇၉ ဧကစိုက်ပျိုးရန်လျာထားခဲ့ရာ မိုးနေကြာ ဧက ၄၀ စိုက်ပျိုးပြီးဖြစ်သည်။ ကသာခရိုင်သည် ရေမြေအနေအထား၊ ရာသီဥတုကောင်းမွန်ပြီး သီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့်အပြင် ဆန်၊ ဆီ၊ ပဲ ဖူလုံသောခရိုင်တစ်ခုဖြစ်သည်။

၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဆန်ဖူလုံမှု ၂၁၇ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၅၂၉ ရာခိုင်နှုန်းနှင့် ပဲဖူလုံမှု ၅၂၆ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။ ကသာခရိုင်အတွင်းရှိ ကသာ၊ အင်းတော်၊ ဗန်းမောက်နှင့် ထီးချိုင့်မြို့နယ်များရှိ မိုးသီးနှံစုံ စိုက်ပျိုးမည့်တောင်သူများအတွက် မျိုးစေ့များဖြန့်ဖြူးပေးအပ်ခြင်း၊ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး အသုံးပြုပုံ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

အေးမြသက်ထား

## မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူသစ်တန်းကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူသစ်တန်း ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်း MCC ခန်းမ၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ လူသစ်တန်းပြိုင်ပွဲတွင် အမျိုးသားကာယဗလ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀ နှင့် အထက်ကီလိုတန်း၊ Men’s Athletic Physique၊ Men’s Sport Physique၊ Men’s Fitness Physique၊ အမျိုးသမီးကာယဗလ Women’s Athletic Physique ၁၆၀ စင်တီမီတာအောက်၊ အထက်၊ Women’s Model Physique ၁၆၀ စင်တီမီတာအောက်၊ အထက်၊ Women’s Fitness Physique တို့ ကျင်းပမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် အားကစားသမားများ ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။ ယင်း လူသစ်တန်းကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားမောင်မယ်များအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်နိုင်ရန် စက်တင်ဘာ ၅ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ် အတွင်းရေးမှူး ဖုန်း-၀၉ ၅၀၀၈၁၆၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဗလစိုး

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၂၅ | ၁၈၅,၀၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၇၈ | ၂၀၆,၇၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁၀၀ | ၁,၇၅၀,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅၀ | ၂၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၂၉.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၆.၂၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၃၈၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၇၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၃၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၃.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၉.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၇.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၄၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

လုပ်ရပ်များကြောင့် သံဃာတော်များနှင့် ကိုရင်များ၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများ သေဆုံးမှုများဖြစ်ပေါ်ခဲ့မှုနှင့် ယင်းတို့၏ဆိုးရွားစွာဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မိုင်းထောင်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် ပြည်သူပိုင်အဆောက်အအုံများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ ပျက်စီးခဲ့ရမှု၊ အကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိမှု၊ မြန်မာနိုင်ငံရှိပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာဆီယံ၏မူဝါဒတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ပတ်သက်၍ **"တစ်ဦးတစ်ယောက်မှမကျန်ရ"** ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း **"လူ့အသက်ထက်အရေးကြီးတာဘာမျှမရှိ"** ဆိုသည့်မူဝါဒ ထားရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H. E. Ekkaphab Phanthavong၊ မြန်မာနိုင်ငံဆိုင်ရာကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Chhouk Bunna နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းအား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးစင်တာ၊ လက်ရှိအာဆီယံဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကိစ္စတို့ကို ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုများရပ်တန့်ရေး၊ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်၍ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေမှုများအား အစိုးရ၏ ဦးစားပေးအစီအစဉ်များအဖြစ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်နှင့် အခြေခံမူများအပေါ်အခြေခံပြီး အာဆီယံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြုသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း အာဆီယံပဋိညာဉ်နှင့် အာဆီယံ၏အဓိကမူများကို လေးစားလိုက်နာရန်နှင့် အပြန်အလှန်လေးစားမှုရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

သတင်းစဉ်



# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရန်ကုန်နှင့်နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဇွန် ၃၀**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းက ကြိုဆိုသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် သံတမန်ရေးရာဦးစီးဌာနမှ ဦးဝဏ္ဏဟန်တို့က လေဆိပ်၌ ကြိုဆိုကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းအား ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ထပ်လောင်းအတည်ပြု**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အထူးကိုယ်စားလှယ်တို့သည် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာ ပထမအဆင့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ပြီးမြောက်မှု ဖြစ်ပေါ်တိုးတက်မှု၊ ဒုတိယအဆင့် အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး စီမံခန့်ခွဲမှုမူဘောင် အကောင်အထည်ဖော်ခြင်း ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အာဆီယံ လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် အမှန်တကယ် လိုအပ်နေသူများကို ခွဲခြားမှုမရှိဘဲ မျှတစွာ ပေးအပ်သွားနိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်၊ AHA Centre နှင့် လက်ရှိ အာဆီယံ ဥက္ကဋ္ဌတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းအတည်ပြုသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့်လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး မုတ်သုံလျှပ်တစ်ပြက် ဖူဆယ်အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော် ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မုတ်သုံလျှပ်တစ်ပြက် ဖူဆယ်အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် အားကစားပညာရှင်များနှင့် ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်း ဖူဆယ်အားကစားအသင်းများ တက်ရောက်ကြသည်။



**ဂုဏ်ပြုဆုများ ပေးအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုရရှိသည့် Golden Land ဖူဆယ်အားကစားအသင်းကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးအားကစားသမားဆုနှင့် မုတ်သုံလျှပ်တစ်ပြက် ဖူဆယ်အားကစားပြိုင်ပွဲ ဒုတိယဆုများကို အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြရာ ဆုရအားကစားအသင်းများက လက်ခံရယူခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မုတ်သုံလျှပ်တစ်ပြက် ဖူဆယ် အားကစားပြိုင်ပွဲကို ဇွန် ၂၇ ရက် ညနေပိုင်းမှ ဇွန် ၃၀ရက်အထိ ၄ ရက်ကြာ ကျင်းပခဲ့ကြောင်း၊ ဦးစီးဌာနများ၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများက အသင်းအဖွဲ့အမည်များ အသီးသီးသတ်မှတ်၍ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပညာရှင်များက အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ပါလက်ပါ ပျော်ရွှင်စေရေးတို့အတွက် ဝန်ထမ်းတိုင်း မိမိတို့ ဝါသနာပါရာ အားကစားနည်းများဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဌာနအချင်းချင်းအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးအတွက် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ဆက်လက် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအတွက် လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း Doses အား အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ထံသို့ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses အား အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ထံ ပေးအပ်လှူဒါန်းသော အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး နေအိမ်၌ ကျင်းပသည်။




**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်သန်း doses ပေးအပ်လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့၏ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavong က အာဆီယံနိုင်ငံများအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုနှင့် လက်ရှိအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. PRAK Sokhonn က ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့၏ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavongနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. PRAK Sokhonn ထံသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses အား ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပေးအပ်လှူဒါန်းပွဲသို့ အာဆီယံအဖွဲ့၏ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavong၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး M.E. Mr. PRAK Sokhonn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ချန်းဟိုင်နှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHHOUK Bunna၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပနိုင်ငံများမှ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂ အထူးပြုအေဂျင်စီ MRCS၊ WFP၊ WHO နှင့် UNDPမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

✳ ကျောဖုံးမှ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခဲ့သည့်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိကာလအတွင်း**
**အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့်စာရင်း**

| စဉ် | အကြောင်းအရာ | အရေအတွက် | ကုန်ပစ္စည်းတန်ဖိုး (ကျပ် ဘီလီယံပေါင်း) | ကင်းလွတ်ခွင့်ပြုခဲ့သည့် အခွန်ပမာဏ (ကျပ် ဘီလီယံပေါင်း) | | | ကင်းလွတ်ခွင့် ပြုသည့် အခွန်ပမာဏ စုစုပေါင်း (ကျပ်ဘီလီယံပေါင်း) |
|---|---|---|---|---|---|---|---|
| | | | | အကောက်ခွန် | ကုန်သွယ်ခွန် | ဝင်ငွေခွန် | |
| ၁ | MIC ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၂၅၀ | ၁၂၅.၄၁၄ | ၄.၄၀၉ | ၆.၄၉၆ | - | ၁၀.၉၀၅ |
| ၂ | ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၄၅ | ၂၀၉.၁၄၁ | ၁.၃၇၂ | ၀.၄၂၇ | - | ၁.၇၉၉ |
| ၃ | ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၃ | ၀.၉၅၇ | ၀.၀၂၉ | ၀.၀၀၆ | - | ၀.၀၃၅ |
| ၄ | NGO ၊ INGO အသင်းအဖွဲ့များသို့ လှူဒါန်းမှုအတွက် ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၁၆ | ၁၃.၅၈၄ | ၀.၄၇၈ | ၀.၀၃၇ | - | ၀.၅၁၅ |
| ၅ | ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများသို့ သက်သေခံလက်မှတ်ထုတ်ပေးသည့်တန်ဖိုး | ၁၄၃ | ၁၂၅၁.၂၈၁ | - | - | ၂၇.၄၆၈ | ၂၇.၄၆၈ |
| ၆ | မြန်မာအထူးစီးပွားရေးဇုန် (သီလဝါ) သို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၉၈၁ | ၁၃၆.၅၁၇ | ၆.၈၂၄ | ၈.၈၇၈ | - | ၁၅.၇၀၂ |
| | **စုစုပေါင်း** | **၁၄၃၈** | **၁၇၃၆.၈၉၄** | **၁၃.၁၁၂** | **၁၅.၈၄၄** | **၂၇.၄၆၈** | **၅၆.၄၂၄** |

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အသင်းအဖွဲ့များအား တည်ဆဲဥပဒေများအရ အခွန်ကင်းလွတ်ခွင့်ပြုနိုင်သည့်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်အကောက်များကိုလည်း အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပုဂံညောင်ဦးဒေသအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပုဂံမြို့သို့ သွားရောက်ကာ ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးရာတွင် အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဂံမြို့ Bagan Information & Training Center သို့ ရောက်ရှိကာ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များကို ပြသဆောင်ရွက်မည့် Virtual Reality Tour ပြခန်းနှင့် ဝန်ဆောင်မှုပေးရန် ပြင်ဆင်ထားရှိမှုများကို ပုဂံရုံးခွဲတာဝန်ခံက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ယင်းနောက် နန်းမြင့်မျှော်စင်သို့ သွားရောက်ကာ နိုင်ငံတကာနှင့် ဒေသတွင်း အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်း/ပြည်ပ ခရီးသွားများကို ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးလေဆိပ်၌ ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော သတင်းပြန်ကြားရေးကောင်တာသို့ ရောက်ရှိကာ ကောင်တာ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုတွေ့ဆုံ၍ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် အဆင်သင့်ဖြစ်နေစေရေး ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Heritage Bagan ဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်အတွင်း ပြည်တွင်း/ပြည်ပ ဧည့်သည်များကို စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်စွာ ဝန်ဆောင်မှုပေးအပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သီရိပစ္စယာ ဆာကူရာဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများကို တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင်ပြည်ထောင်စုဝန်ကြီးက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်း/ပြည်ပ ဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ယင်းကိုအကြောင်းပြု၍ ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများ၊ ကွန်ဖရင့်များ၊ ပြပွဲများနှင့် ဆွေးနွေးပွဲများကို ပြုလုပ်နိုင်ကြောင်း၊ ထို့အတွက် ခရီးသည်လာရောက်ရေး တစ်ခုတည်းကိုသာမက မိမိဘက်မှ ပြည့်စုံသည့် အစီအမံများကို နည်းလမ်းရှာကြံဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းခုနစ်ရပ်မှ ဝန်ထမ်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (Booster) ထိုးနှံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများမှာ မိမိတို့ကိုယ်တိုင်ယုံကြည်မှုရှိသကဲ့သို့ ဧည့်သည်များဘက်ကလည်း မိမိတို့အပေါ်ယုံကြည်မှုရှိအောင် ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ ဝန်ဆောင်မှုပြုရန် လိုအပ်ကြောင်း၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ခရီးသွားဧည့်သည်များ၏ အကြံပြုချက်နှင့် တိုင်ကြားချက်မှတ်တမ်းစာအုပ်များကို အီလက်ထရွန်နစ်စနစ်ကို အခြေခံ၍ QR Code များဖြင့် ဆောင်ရွက်ထားစေလိုကြောင်း၊ ပုဂံမြို့သို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဝတီမြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇွန် ၃၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားသည်။

မိုး/ဇလ

# ပခုက္ကူဦးအုံးဖေတည်ထောင်သော (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆု

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

**“စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်”ဟူသော ရည်ရွယ်ချက်ဖြင့် ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက သူ၏စာပေဒါန မတည်လှူဒါန်းငွေများဖြင့် ၁၉၉၄ ခုနှစ်မှစ၍ ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ဇူလိုင်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်နေကြလေပြီ။**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် (၂၇)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၂၀၂၀ ပြည့်နှစ်တွင် ပုံမှန်အတိုင်း မကျင်းပနိုင်ခဲ့ဘဲ ၂၀၂၁ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ကျင်းပနိုင်ခဲ့သည်။ ထို့ကြောင့် ယခု (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကိုလည်း ပုံမှန်ကျင်းပရမည့်အချိန်ထက် နောက်ကျပြီးမှ ကျင်းပရခြင်းဖြစ်ပါသည်။

**စာပေဒါန စာပေဆုအစ**

သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေသည် ဘဝသံသရာခရီးတွင် လောကဓံ၏ အဖိအနှိပ် အထုအထောင်းဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရရာမှ အခါအခွင့်သင့်တိုင်း လက်လှမ်းမီရာစာများကို ဖတ်ရှုမှတ်သား လိုက်နာကျင့်သုံးခဲ့သည်။

ဦးအုံးဖေသည် စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် အသိအမြင်ကျယ်ပြန့် ဗဟုသုတတိုးပွားလာပြီး ရိုးရိုးသားသားကြိုးစားလာခဲ့ရာ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင်ကြီးဘဝသို့ ရောက်ရှိခဲ့သည်။ ဦးအုံးဖေသည် ကွယ်လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်အထိ ကိုယ်ပိုင်ကားမစီးဘဲ စက်ဘီးဖြင့်သာ သွားလာနေခဲ့သည့်အပြင် လမ်းလျှောက်သွားလာသင့်ပါက လမ်းလျှောက်သွားလာခဲ့သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားချင့်ချိန်သုံးသပ်ပြီး သမ္မာအာဇီဝစီးပွားရေးလုပ်ငန်းကိုသာ စွဲစွဲမြဲမြဲ ဇွဲရှိစွာလုပ်ကိုင်ခဲ့သည်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားရှာဖွေ စုဆောင်းနိုင်ခဲ့သောကြောင့် ဆေးပေါင်းရုံပိုင်ရှင်ကြီး ဖြစ်လာခဲ့ပါသည်။

ငွေကြေးဓန ပြည့်စုံကြွယ်ဝလာသော ဦးအုံးဖေသည် ဘဝ၏အတက်အကျကို ကိုယ်တွေ့ခံစားခဲ့ရသောကြောင့် ဘဝကို မည်သည့်အခါမျှမမေ့ဘဲ ကြုံတွေ့ခဲ့ရသည်များကို စာနာကူညီလိုစိတ်များ ပေါ်ပေါက်နေလေ့ရှိသည်။ ထို့ကြောင့် လူမှုရေးကိစ္စအဝဝတွင်လည်း စေတနာထက်သန်စွာ လှူဒါန်းခဲ့သည်။ ၁၉၆၁ ခုနှစ်မှစတင်၍ ၁၉၇၁ ခုနှစ်အထိ ပခုက္ကူမြို့တွင် အနာကြီးရောဂါသည်များအား လုံချည်တစ်ကွင်းစီ စတင်လှူဒါန်းခဲ့သည်။ ၁၉၈၁ ခုနှစ်က အသက် (၆၄) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၆၄၀၀၀၀ တိတိကို မီးဘေးကယ်ဆယ်ရေးရန်ပုံငွေအဖြစ် လှူဒါန်းခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ပခုက္ကူမြို့၌ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကို ငွေကျပ်သိန်း ၆၀ ခန့် မတည်လှူဒါန်း၍ ဆောက်လုပ်ခဲ့သည်။

**“ပခုက္ကူစာပေဆု”ဟု ခေါ်တွင်စေလို**

ဦးအုံးဖေသည် အထက်တွင်ဖော်ပြခဲ့သော စာပေရည်ရွယ်ချက်ဖြင့် စာပေဒါနကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် နှုတ်ဖြင့်ရောစာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏ အသက် (၇၅) နှစ်မြောက်မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း “ပခုက္ကူစာပေဆု”ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကပင် စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းခဲ့သည်။

ဦးအုံးဖေ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်



များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက ငွေကျပ် ၇၆၀၁၂၇၉ လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ကျင်းပနိုင်ခဲ့သည်။ မူလက (၇၅)နှစ်ပြည့်အထိမ်းအမှတ် ၇၅ သိန်း လှူဒါန်းရန် ရည်မှန်းထားသော်လည်း (၇၆) နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏ မွေးသက္ကရာဇ် ၁၂၇၉ ကိုပါ ရည်စူးကာ လှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်းသိရသည်။ ထိုမျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကျင်းပခဲ့သော (၁၀) ကြိမ်မြောက် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲတွင် ငွေကျပ်သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

**“ပခုက္ကူစာပေဆုကို အမျိုးအစားခြောက်မျိုး သတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု၊ (၂) ဝတ္ထုတို ပေါင်းချုပ်ဆု၊ (၃) ကဗျာပေါင်းချုပ်ဆု၊ (၄) ကျမ်းစာပေဆု၊ (၅)သုတေသနစာပေဆုနှင့် (၆)တစ်သက်တာ စာပေဆုများဖြစ်သည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာ စာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှုပ်ရှုပ်ချုံချုံသယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်”**

စာပေဆုအလှူရှင် ဦးအုံးဖေက သူ မတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင်အပ်နှံထားပြီး အတိုးငွေတန်ဖိုးစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေပေးရန်၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ် သုံးစွဲရန်၊ ၁၀ ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရန်အတွက် ဘဏ်တွင် ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့သည်။ ဆိုလိုသည့်သဘောမှာ နှစ်စဉ် ဘဏ်တိုး၏ ၉၀ ရာခိုင်နှုန်းကိုသာ သုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပခုက္ကူစာပေဆုကို အမျိုးအစား ခြောက်မျိုး သတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု၊ (၂) ဝတ္ထုတိုပေါင်းချုပ်ဆု၊ (၃) ကဗျာပေါင်းချုပ်ဆု၊ (၄) ကျမ်းစာပေဆု၊ (၅) သုတေသနစာပေဆုနှင့် (၆) တစ်သက်တာ စာပေဆုများဖြစ်သည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာ စာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှုပ်ရှုပ်ချုံချုံ သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။

စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ ပညာသင်ဆုအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ နှစ်ဦးစီကို ချီးမြှင့်ခဲ့သည်။ ထို့ပြင်စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာ ချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ဒုတိယဆုများ၊ ၁၉၉၆ ခုနှစ်တွင် တတိယဆုများ တိုးမြှင့်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏အမွေကို ဆက်ခံခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ခြင်း ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက် ကြိုးပမ်းထမ်းရွက်နေပြီး ဆုချီးမြှင့်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်




ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှ တာဝန်ရှိသူများနှင့် ပူးတွဲလျက် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

**အမည်ပြောင်းလဲသတ်မှတ်**

ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို “ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု”ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

အလှူရှင်သတ်မှတ်ခဲ့သော ဘဏ်တိုးထဲတွင် ၆၀ ရာခိုင်နှုန်းကို (စာပေဆုများအတွက် လည်းကောင်း)၊ ၃၀ ရာခိုင်နှုန်းကို (အသုံးစရိတ်အတွက် လည်းကောင်း) စုစုပေါင်း ဘဏ်တိုးထဲမှ ၉၀ ရာခိုင်နှုန်း သုံးစွဲခွင့်မှာ ခေတ်အခြေအနေအရ လုံလောက်မှုတစွာ သုံးစွဲနိုင်ခြင်းမရှိသဖြင့် စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက အလှူရှင်များကို နှစ်စဉ်ရှာဖွေ ဖြည့်ဆည်းပေးခဲ့ရသည်။ အထူးသဖြင့် စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင် ဒုဥက္ကဋ္ဌ (၁) ဖြစ်သော ဦးတင့်ဆွေ(ယခုကွယ်လွန်)သည် စာပေဆုအတွက်ရော ပခုက္ကူမြို့ရှိ ဦးအုံးဖေစာကြည့်တိုက်အတွက်ပါ နှစ်စဉ်အလှူခံပေးခဲ့ရာ အထူးပင်ကျေးဇူးကြီးမားလှပါပေသည်။ အလှူရှင် ဦးအုံးဖေအတွက် ဦးတင့်ဆွေက အစွမ်းကုန်အကျိုးဆောင်ပေးခဲ့လေရာ ပခုက္ကူစာပေဆုနှင့် ပခုက္ကူမြို့ ဦးအုံးဖေစာကြည့်တိုက်ဆုအတွက် ဂုဏ်တက်စေခဲ့ပါသည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့မှုအခြေအနေကို တင်ပြလိုပါသည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေမှာ ငွေကျပ် ၃၆၈ သိန်းကျော်သာရှိခဲ့ပါသည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ငွေကျပ်သိန်း ၄၀ ခန့်သာရခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေ အကူအညီတောင်းခံခဲ့ရပါသည်။

**စာမျက်နှာ ၇ သို့** ✻

# ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စေတနာရှင် အလှူရှင်များက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်-၂၂၈ ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ရှင်သန်အောင်မြင်နေသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၆၀၀၀ ကျော် စာရင်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် စာအုပ်များ နှစ်စဉ်ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ ယခုအလှူရှင်များ လှူဒါန်းသည့် စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ ပေးပို့ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အလှူရှင်များက စာအုပ်များ လှူဒါန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ယခုစာအုပ်များကို တိုင်းဒေသကြီး/ ပြည်နယ် ဖောင်ဒေးရှင်းများမှတစ်ဆင့် ကျေးရွာ/ရပ်ကွက် စာကြည့်တိုက်များသို့ ပေးပို့သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များ တိုးပွားလာရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို အလှူရှင်များကိုယ်စား မောင်ရင့်ကျူး(မြောင်းမြ)က ရှင်းလင်းပြောကြားပြီး စာအုပ်များလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူ၍ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့လှူဒါန်းရာတွင် ဝဏ္ဏကျော်ထင်ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)က လှူဒါန်းသည့် သပြေသားနှင့် မဖွေကြမ်း အုပ် ၁၅၀ နှင့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၄) သီဟတေဇညီအစ်ကိုများလှူဒါန်းသည့် (၅၅)နှစ်ပြည့် မြရတုမဂ္ဂဇင်း အုပ် ၁၀၀ ကို ဦးစိုးမြင့်(စိုးမှူး)ကလည်းကောင်း၊ ဘာသာရေးနှင့် သုတစာအုပ် ၃၀၃ အုပ်ကို မောင်ရင့်ကျူး(မြောင်းမြ)က လည်းကောင်း၊ ဦးမြတ်ဟိန်း(သူရိယစာပေတိုက်)က စာအုပ်(၁၀)မျိုး အုပ်ရေ ၂၆၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။



စာအုပ်လှူဒါန်းပွဲအပြီးတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို ဆက်လက်ပြုလုပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်



## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းဖွင့်လှစ်

ပဲခူး ဇွန် ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၂ ရွာမှ သင်တန်းသား သင်တန်းသူ ၅၀ အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းကို ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ဖွင့်လှစ်သင်ကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

✻ စာမျက်နှာ ၆ မှ

စာပေဆုချီးမြှင့်ပွဲ ကုန်ကျစရိတ်က နှစ်စဉ် ငွေကျပ်သိန်း ၆၀ ကျော်၊ ၇၀ ကျော်ခန့် ကုန်ကျခဲ့ပါသည်။ ယခုဆိုလျှင် ငွေကျပ်သိန်း ၁၀၀ ကျော် ကုန်ကျနေပါသည်။ ထိုက်သင့်သော စာပေဆုချီးမြှင့်ငွေ တိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ် မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ်စိစစ်ချွေတာ သုံးစွဲနေခဲ့ရသလို အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရပါသည်။ ထိုသို့ ကုန်ကျငွေများပြားသည့်ကြားမှ ရန်ပုံငွေမလျော့နည်းအောင်မြန်မာနိုင်ငံစာရေးဆရာအသင်းက စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းခဲ့ရာ ယခုဆိုလျှင် ရန်ပုံငွေ ထိုက်သင့်အားလျော်စွာ ရရှိနေပါသေးသည်။

"ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"ချီးမြှင့်မှု (၂၈)ကြိမ်အတွင်း တစ်သက်တာစာပေဆုရှင် ၃၃ ဦး ပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၃၆ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်အထိ ဆုရသူ ၄၀ အား ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရရှိသူများကို မှတ်တမ်းတင်ထားရာ

၁။ ၁၉၉၄ ခုနှစ်တွင် ဆရာကြီး ဦးထင်ဖတ်(မောင်ထင်)နှင့် ဆရာကြီး ဦးတင်မြင့်(သခ်ိဳ) (နှစ်ဦး)
၂။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ဦးရန်အောင်(ရန်အောင်)နှင့် ဦးသိန်းမောင်(သုခ) (နှစ်ဦး)
၃။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ဦးကိုလေး(ဇေယျာမောင်)
၄။ ၁၉၉၇ ခုနှစ်တွင် ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)
၅။ ၁၉၉၈ ခုနှစ်တွင် ဦးအုန်းဖေ (တက်တိုး)
၆။ ၁၉၉၉ ခုနှစ်တွင် ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)
၇။ ၂၀၀၀ ပြည့်နှစ်တွင် ဦးသန်းထွတ်(တိုက်စိုး)
၈။ ၂၀၀၁ ခုနှစ်တွင် ဦးဌေးမြိုင်(ဒဂုန်တာရာ)
၉။ ၂၀၀၂ ခုနှစ်တွင် ဦးလှကြိုင်(ပါရဂူ)
၁၀။ ၂၀၀၃ ခုနှစ်တွင် ဦးမျိုးသန့်(မောင်ဆုရှင်)
၁၁။ ၂၀၀၄ ခုနှစ်တွင် ဒေါ်ရင်ရင်(စောမုံညင်း)
၁၂။ ၂၀၀၅ ခုနှစ်တွင် ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)နှင့် ဒေါ်ကြန်(မကြန်)(နှစ်ဦး)
၁၃။ ၂၀၀၆ ခုနှစ်တွင် ဒေါ်သိန်းဆိုင်(မမြတ်လေး)
၁၄။ ၂၀၀၇ ခုနှစ်တွင် ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)
၁၅။ ၂၀၀၈ ခုနှစ်တွင် ဒေါက်တာသော်ကောင်း(ဦးသော်ကောင်း)
၁၆။ ၂၀၀၉ ခုနှစ်တွင် ဒေါက်တာကျော်စိန်(ဒေါက်တာကျော်စိန်)
၁၇။ ၂၀၁၀ ပြည့်နှစ်တွင် ဒေါက်တာ ဦးသိန်းညွန့်(ညွန့်ဝေ-ကသာ)
၁၈။ ၂၀၁၁ ခုနှစ်တွင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)
၁၉။ ၂၀၁၂ ခုနှစ်တွင် ဦးမောင်မောင်ခင်(တက္ကသိုလ် မောင်မောင်ခင်)
၂၀။ ၂၀၁၃ ခုနှစ်တွင် ဦးဘသန်း(မဟာဝိဇ္ဇာ)
၂၁။ ၂၀၁၄ ခုနှစ်တွင် ဦးတင်ခ (တက္ကသိုလ်တင်ခ)
၂၂။ ၂၀၁၅ ခုနှစ်တွင် ဦးညိုဝင်းနှင့် ဒေါက်တာချစ် (နှစ်ဦး)
၂၃။ ၂၀၁၆ ခုနှစ်တွင် ဦးမောင်ကလေး(သောကြာမောင်ကလေး)
၂၄။ ၂၀၁၇ ခုနှစ်တွင် ဦးချစ်လွင် (တောသားကြီး လူနိုင်)
၂၅။ ၂၀၁၈ ခုနှစ်တွင် ဒေါက်တာသန်းဦး(ပြည်စိုးမင်း)
၂၆။ ၂၀၁၉ ခုနှစ်တွင် ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)
၂၇။ ၂၀၂၀ ခုနှစ်တွင် ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)
၂၈။ ၂၀၂၂ ခုနှစ်တွင် ဒေါက်တာမျိုးသန့်တင်နှင့် ဦးညွန့်ဆွေ (မောင်ဆွေသက်) (နှစ်ဦး) စုစုပေါင်း ၃၃ ဦး ဖြစ်ပါသည်။

အလှူရှင် ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲအခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၅၂၀၁၂၇၉ ကို နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှရရှိသော အတိုး အညွန့်များဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အမှတ်အများဆုံး ရရှိသော ကျောင်းသား ကျောင်းသူသုံးဦးစီကို ချီးမြှင့်စေခဲ့ပါသည်။ နှစ်စဉ်ကျင်းပခဲ့သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲများတွင် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးခဲ့ကြသော ထူးချွန်ကျောင်းသားကျောင်းသူများကို အလှူရှင် ဦးအုံးဖေ၏ဆန္ဒနှင့်အညီ နှစ်စဉ်ချီးမြှင့်နိုင်ခဲ့ကြသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိဘဲ ရပ်နားထားကြရပါသည်။

စေတနာရှင်ဦးအုံးဖေသည် သူနေထိုင်ကြီးပြင်းခဲ့ရာ ဇာတိကျေးရွာ "ထနောင်းကုန်းရွာ အသိပညာစာကြည့်တိုက်"သို့လည်း ငွေကျပ် ၂၄ သိန်း မတည်လှူဒါန်းခဲ့သေးသည်။

ဦးအုံးဖေသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဘာသာရေးနှင့် လူမှုရေးအတွက် ငွေကျပ် ၄၇၈ သိန်းကျော် လှူဒါန်းခဲ့ပါသည်။ ထိုခေတ်ထိုအခါကာလက လှူဒါန်းခဲ့သော စုစုပေါင်းအလှူငွေကျပ် ၄၇၈ သိန်းကျော်မှာ လွန်စွာတန်ဖိုးရှိ ထူးမြတ်လှပါပေသည်။

### ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များကို ရေးသားထုတ်ဝေ

လှူဒါန်းမှုရက်ရော စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ် စာပေဆုများ၊ စာကြည့်တိုက်များ၊ ပညာရည်ချွန်ဆုများကို လှူဒါန်းရုံဖြင့် အားမရသေးဘဲ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ ကောင်းသည်ရော ဆိုးသည်ပါ မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များကို ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့ပါသည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များ ပါဝင်ပါသည်။ သူ့ဘဝအတွေ့အကြုံစာပေဒါန ပေးဝေမျှခဲ့သည့် စာအုပ်သုံးအုပ်မှာ တွေ့ရကြုံရကျွန်တော့်ဘဝ (ပထမအတွဲ)၊ (ဒုတိယအတွဲ)(တတိယအတွဲ)များ ဖြစ်ကြပါသည်။

ဦးအုံးဖေ၏ ဘဝအစိတ်အပိုင်းမှန်များကို ဦးအုံးဖေ၏ဆန္ဒနှင့်အညီ ဆရာတက္ကသိုလ်စိန်တင်က "ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ" စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုကို ရရှိခဲ့ပါသည်။ ထိုနည်းတူ ဦးအုံးဖေကလည်း သူရေးသားခဲ့သည့် တွေ့ရကြုံရကျွန်တော့်ဘဝ စာအုပ်များဖြင့် ၂၀၀၁ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုကို ထိုက်တန်စွာရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ကြီးလည်း ဖြစ်ခဲ့ပါသည်။

အသက် (၈၁) နှစ်အရွယ်တွင် ကွယ်လွန်သွားရှာသော သူ၏မိခင်ကို တမ်းတပြီး "ကျုပ်အမေလောက် အသက်ရှည်ရင် ကျေနပ်ပါပြီဗျာ။ လုပ်စရာရှိတဲ့ စာပေတာဝန်ကလေးတွေ ပြီးပြတ်အောင်လုပ်သွားချင်လို့ပါ။ လှူချင်တာလေးတွေလှူပြီးရင် သေဆိုသေပါ့မယ်ဗျာ။ အဆင်သင့်ပါပဲ"ဟု ဆရာတက္ကသိုလ်စိန်တင်အား ပြောကြားခဲ့သော ဦးအုံးဖေသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ထနောင်းကုန်း ရွာတောကျေးရွာ၌ မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၃ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်) အသက် (၉၁) နှစ်အရွယ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားခဲ့ပါသည်။

ဦးအုံးဖေအား နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် "လူမှုထူးချွန်(ပထမဆင့်)" ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ကွယ်လွန်သွားရှာသော ဦးအုံးဖေသည် မြန်မာစာပေနှင့်အတူ ဘယ်သောအခါမျှ နာမည်မသေဘဲ သားအစဉ် မြေးအဆက် မြစ်အညွန့် အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေမည်မှာ မလွဲကေန်ပါတည်း။

ပခုက္ကူဦးအုံးဖေ စာပေဆုသည် သူ၏ရည်ရွယ်ချက်နှင့်အညီ မြန်မာစာပေတိုးတက်မြင့်မားရေးနှင့် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးအတွက် စံပြုအတုယူထိုက်သည့် စာပေဆုပင်ဖြစ်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ရည်ရွယ်ချက်များနှင့်လည်း ကိုက်ညီနေလေရာ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း အခြေအနေပေးလျှင်ပေးသည့်အလျောက် "ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု" ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းထမ်းရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

**ကိုးကား**

- **တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ စာအုပ်၊**
- **ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆုအကြောင်းအရာစာအုပ်များ၊**

# လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပ





**နေပြည်တော် ဇွန် ၃၀**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၂)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၅၁) အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားဝန်ကြီးဌာနအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်မျှော်မှန်းချက်များ ချမှတ်၍ တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး၊ ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်ရေး၊ ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ လူမှုအကာအကွယ်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးစသည့် ရည်မှန်းချက် (၉) ရပ်ဖြင့် လုပ်ငန်းတာဝန် များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ပြီး ဒေသတွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဖူလုံရေးစီမံကိန်းကို မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အကျုံးဝင် အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၁၃ သန်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေး အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ရုံးခွဲပေါင်း ၇၈ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းနှင့် ဌာနကြီးဆေးခန်း ၅၇ ခန်းတို့ကို ဖွင့်လှစ်ထားရှိခြင်းအပြင် ကျန်းမာရေးဝန်ဆောင်မှုများကို ထိရောက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသည့်စနစ်များ လေ့လာပြီး ပြင်ပပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းကာ စာချုပ်ချုပ်ဆိုဆောင်ရွက်သည့် PPS စနစ်အရ Fee for Service Payment ဖြင့် ဖွင့်လှစ်သည့် လူမှုဖူလုံရေးဆေးခန်း ၁၂ ခန်းနှင့် Capitation Payment ဖြင့် ဖွင့်လှစ်သည့် လူမှုဖူလုံရေးဆေးခန်း ၂၄ ခန်းတို့ဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသည့်ကာလအတွင်း လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများအတွက် ဖြေလျှော့ပေးမှုများအနေဖြင့် ထည့်ဝင်ကြေး ပေးသွင်းသည့်ကာလကို ယခင်သုံးလမှ ယခုခြောက်လအထိ နောက်ဆုတ်ပေးသွင်းခွင့်ပြုခြင်း၊ ကပ်ရောဂါကြောင့် ယာယီပိတ်သိမ်းရသည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ပွားနေစဉ်အတွင်း ဝင်ငွေရပ်ဆိုင်းခဲ့ရမှုအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု ငွေကြေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးခြင်း၊ တစ်နှစ်အထိ ဆေးကုသပေးခြင်း၊ ဆေးဖိုးနှင့် ခရီးစရိတ်များ တောင်းခံမှုကို အချိန်ကာလ ခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင်အာမခံအမျိုးသမီး အလုပ်သမားများအပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အာမခံအလုပ်သမားများနှင့် Quarantine ဝင်ရောက်ရသည့် အာမခံအလုပ်သမားများကို ဥပဒေနှင့်အညီ ဆေးသက်သေခံလက်မှတ် (ဆ-၁) များ ထုတ်ပေး၍ မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ရာခိုင်နှုန်း ပေးအပ်မှုအနေဖြင့် ကိုဗစ်-၁၉ 1st Wave ကာလအတွင်း ယာယီပိတ်ထားခဲ့သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၉၀၁၈ ဌာနမှ အလုပ်သမား ၈၅၇၇၆၈ ဦးတို့အတွက် ငွေကျပ် ၂၁၆၂၇ ဒသမ ၆၃၉ သန်းကိုလည်းကောင်း၊ 2nd Wave ကာလအတွင်းမှာလည်း စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာန ပေါင်း ၉၅၉၆ ဌာနမှ အလုပ်သမား ၇၇၈၈၉၄ ဦးတို့အတွက် ငွေကျပ် ၄၉၃၉၂ ဒသမ ၈၅၅ သန်းကိုလည်းကောင်း ခွင့်ပြုထုတ်ပေးခဲ့ပြီး ကျန်ရှိသည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားများကိုလည်း ဆက်လက်ခွင့်ပြုထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်မှ ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်အထိ ရှို့မီးကြောင့် မီးလောင်ဆုံးရှုံးခဲ့သော စက်ရုံ၊ အလုပ်ရုံ ၂၅ ရုံမှ အလုပ်လက်မဲ့ဖြစ်သွားသည့် အလုပ်သမား ၁၄၆၀၃ ဦးအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် ကျပ်သန်း ၈၃၄ ဒသမ ၉၄၀ ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း။

လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ရှင်နှင့် အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကုန်ထုတ်လုပ်မှု အရှိန်အဟုန်မပြတ်စေရန် ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံအများဆုံး တည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်အားလုံးတို့တွင် အာမခံအလုပ်သမားအားလုံးကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများ အပြည့်အဝထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင် (၁/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ဆုံးဖြတ်ရန် အမှာစာများကို ရှင်းလင်းတင်ပြပြီး လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အမြဲတမ်းအတွင်းဝန်တို့က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်လာကြသူများနှင့် အွန်လိုင်းမှ တက်ရောက်ကြသူများက အမှာစာများနှင့် ဆုံးဖြတ်ရန်အချက်များကို သုံးသပ်အကြံပြုဆွေးနွေးတင်ပြကြပြီး ဆုံးဖြတ်ရန်အချက်များကို အတည်ပြုခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# နဒီကန်မှ အင်းလေးကန်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်




**ညောင်ရွှေ ဇွန် ၃၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ဇွန် ၃၀ ရက် နံနက်၉နာရီက ကလောခရိုင် ညောင်ရွှေမြို့နယ် နဒီကန်မှ အင်းလေးကန် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

အဆိုပါ နဒီကန်မှ အင်းလေးကန် သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း ငါးသောင်း၊ ငါးခုံးမငါးသောင်း၊ ငါးဖိန်းရွှေဝါတစ်သိန်း စုစုပေါင်း ငါးကောင်ရေ နှစ်သိန်း ထည့်ပေးကြကြောင်း သိရသည်။

ဆက်လက်၍ တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ လုပ်ငန်းကော်မတီများ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ၂၀၂၂ခုနှစ် ဇူလိုင် ၁၁ ရက် ဝါဆိုလဆန်း ၁၄ ရက်တွင် ကျင်းပပြုလုပ်မည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကြိုတင်ခေါ်ယူရခြင်း ဖြစ်ကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ကျင်းပရာတွင် စည်ကား သိုက်မြိုက်စွာဖြင့် အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်၊ အတွင်းရေးမှူးများက ဆွေးနွေးတင်ပြကြပြီး လုပ်ငန်း ကော်မတီအသီးသီးက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ဒိုက်ဦး ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန်ရည်ရွယ်၍ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နတ်ကင်းကျေးရွာ ဦးပွတံတား၌ ပြုလုပ်သည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်နောင်ဦးနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံကျော်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်သဲအောင်နှင့် အင်းသားကြီးများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့်ရေလုပ်သားများ တက်ရောက်ကြပြီး နှစ်လက်မအရွယ် ငါးခုံးမကြီး အကောင်ရေ ၁၅၀၀၀၀ အား နတ်ကင်းကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**



## ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

# CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ် လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ် လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ –

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍ ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ် လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# နိုင်ငံတော်က အားကိုးရသော ကောင်းမြတ်သည့် ကိုယ်ကျင့်သိက္ခာ၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလို




**နေပြည်တော် ဇွန် ၃၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းသည် ကျောင်းသား ကျောင်းသူတို့၏ ဘဝအစ ပထမဆုံးခြေလှမ်းဖြစ်ကြောင်း၊ **"အစကောင်းမှအနှောင်းသေချာ"** ဆိုသည့်အတွက် ဘဝအစတက်လမ်းမှ အခြေခံ ကောင်းမွန်ခိုင်မာစွာဖြင့် မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို အရောက်သွားနိုင်ရန် ဆက်လက်ကြိုးစားကြစေလိုကြောင်း၊ ပညာရှာသည့်အရွယ်တွင် ပညာကိုသာ ဆည်းပူးလေ့လာပြီး မိဘ/ဆရာ သမားများ၏ သွန်သင်ဆုံးမမှုကို နာခံလိုစိတ်ရှိရန်လိုကြောင်း၊ နိုင်ငံတော်က အားကိုးရသော ကောင်းမြတ်သည့် ကိုယ်ကျင့်သိက္ခာ၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် **"ပညာမြင့်မှ လူမျိုးတင့်မည်"** ဆိုသည့်အတိုင်း ပညာတတ်သော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်ရေးအတွက် တက္ကသိုလ်ပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ယူလေ့လာမှတ်သားပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုးနိုင်မည့် ထူးချွန်ထက်မြက်သော လူရည်ချွန်/လူရည်မွန်များ ဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းသား/သမီးများမှ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်ဇနီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများရှိ သင်တန်းသား သင်တန်းသူများမှ နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး စုစုပေါင်း ၃၅ ဦးတို့အတွက် ဂုဏ်ထူးတစ်ခုလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၅၇၀၀၀၀၀ ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ထို့နောက် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မအိမ့်သက်ထားဦးက ကျေးဇူးတင်စကားပြောကြားပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပ





**နေပြည်တော် ဇွန် ၃၀**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်အောင်မြင်ဘုရားအနီး သုခမလမ်း ဒက္ခိဏသီရိမြို့နယ် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ အမျိုးသမီးကော်မတီဝင်များ၊ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အဖွဲ့ဝင်များကသတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်ပေါင်း ၁၂၉ ပင် စိုက်ပျိုးပေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီး၍ မြန်မာအမျိုးသမီးများနေ့ အကြိုစာတမ်းဖတ်ပွဲအခမ်းအနားကို အဆိုပါရုံးအဆောက်အအုံတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာသက်သက်ဇင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ စာတမ်းဖတ်ပွဲတွင် ပါမောက္ခဒေါက်တာဒေါ်ခင်ဆွေမြင့်က သဘာပတိ အဖြစ်ဆောင်ရွက်ပြီး "အမျိုးသမီးနှင့်အာဆီယံလုပ်ငန်းစဉ်" စာတမ်းကို စာတမ်းရှင် ဦးကျော်မျိုးသန့်၊ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာနက လည်းကောင်း၊ "ကျား၊မအခြေပြု ညီမျှမှုနှင့် အမျိုးသမီးများအခွင့်အရေး ဥပဒေရှုထောင့်မှ လေ့လာခြင်း" စာတမ်းကိုစာတမ်းရှင် ဒေါ်အိအိဖြိုး၊ အတွင်းရေးမှူး၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကလည်း ကောင်း၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးရာတွင် အမျိုးသမီးများ၏ အရေးပါမှု" စာတမ်းကို ဒေါ်မာမာသီ၊ ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းမှုများကို ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ကိုဗစ်-၁၉ မှ

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ ကျင့်သုံးလိုက်နာဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အောက်ပါအခြေအနေများတွင်သာ ပါးစပ်နှင့်နှာခေါင်းစည်းအား မဖြစ်မနေတပ်ဆင်ရန် လိုအပ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ ကျောင်းများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွား ရိပ်သာ အစရှိသော လူထူထပ်သော နေရာများ၌ လူအများနှင့် အတူရှိနေခြင်း၊

(ဂ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိခြင်း။

ကျန်းမာရေးဝန်ကြီးဌာန
၃၀-၆-၂၀၂၂


အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂)ရက် (စနေနေ့)
100th #COOPSDAY
Cooperatives Build a Better World
International Co-operative Alliance
"Cooperatives Build a Better World"
"ကမ္ဘာ့လောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး"


# မြိတ်ခရိုင်ရှိ မိုးစပါးစံပြစိုက်ခင်းများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

မြိတ် ဇွန် ၃၀

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြိတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပုလဲရတနာခန်းမ၌ ကျင်းပသည့် မြိတ်ခရိုင်ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများရှိ စံပြစိုက်ခင်းများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။



မြိတ်ခရိုင်တွင် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ရွေးချယ်ပြီး စံပြမိုးစပါးစိုက်ခင်းဧရိယာ ၁၂၂၅ ဧကအတွက် တောင်သူများအား သွင်းအားစုများဖြစ်သည့် မျိုးစပါးတင်း ၁၁၅၀၊ မြေဩဇာအိတ် ၁၁၅၀ နှင့် ပိုးသတ်ဆေး ၁၂၂၅ လီတာကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲတွင် ဝန်ကြီးချုပ် ဦးမြိတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းထိုက်က မြိတ်ခရိုင်ရှိ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများအတွက် မိုးစပါးသီးနှံ၏သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ရခြင်း အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး စံပြကျေးရွာ တောင်သူများအား သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများကို ဝန်ကြီးချုပ် ဦးမြိတ်ကိုနှင့် ဝန်ကြီးများက ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ စံပြကျေးရွာ တောင်သူများကိုယ်စား ကျွန်းစုမြို့နယ်မှ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်က တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအားပြသထားရှိသည့် မိုးစပါးတစ်ဧကတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စပါးသီးနှံအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်၍ သုံးစွဲနည်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) အကြောင်းသိကောင်းစရာများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များ ပညာပေးပြခန်းအား ကြည့်ရှုအားပေးသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရေးဆွဲနည်း သင်တန်းဖွင့်လှစ်

ရေတာရှည် ဇွန် ၃၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ ကျေးရွာပေါင်း ၁၄ ရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရွေးချယ်၍ ကျေးရွာအလိုက် စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဝင်များ ရွေးချယ်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ရွေးချယ်ဖွဲ့စည်းထားသော ကျေးရွာကော်မတီဝင်များအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်ရှိသော အရာများကို ဖော်ထုတ်၍ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ရမည့် ငါးရက်ကြာ စီမံကိန်းရေးဆွဲနည်း သင်တန်းကို ဇွန် ၃၀ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က စီမံကိန်းများ ရေးဆွဲခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းနှင့် ကျေးရွာများတွင် အမှန်တကယ်လိုအပ်ချက်များ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ **ကိုလွင်(ဆွာ)**



# ဟားခါးမြို့၌ ရေချိုငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်

ဟားခါး ဇွန် ၃၀

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း ငါးမွေးမြူသူများအား ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်း နည်းစနစ်များ သိရှိနားလည်စေရန် ရည်ရွယ်၍ ရေချိုငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း သင်တန်းကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးရှိ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံတွင် ဖွင့်လှစ်ခဲ့သည်။



အဆိုပါသင်တန်းသို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖလမ်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ ဝန်ထမ်းများ သင်တန်းသူသုံးဦး၊ သင်တန်းသားသုံးဦး စုစုပေါင်းခြောက်ဦး တက်ရောက်သည်။

သင်တန်းတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရှမ်နဲမ်းရင်က ငါးမွေးမြူခြင်းနည်းစနစ်များ၊ ငါးအသားတိုးမွေးမြူခြင်းလုပ်ငန်းများဖြစ်သော ငါးကန်တူးဖော်ခြင်းနှင့် ငါးကန်ပြင်ဆင်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်များ၊ ငါးမှတ်၊ ငါးသန်မွေးမြူပြုစုခြင်း၊ ငါးရောဂါကာကွယ်ခြင်းနှင့် မျိုးငါးထိန်းသိမ်းပြုစုခြင်းတို့ကို စာတွေ့ သင်ကြားပို့ချခဲ့ပြီး မျိုးငါးများရွေးချယ်ခြင်း၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ မျိုးငါးများ ဆေးထိုး သားဖောက်ခြင်းတို့ကို ဟားခါးမြို့ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရှိ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံတွင် လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# လမ်းကွန်ရက်(၁၁)သွယ်ဖြင့် ဖွံ့ဖြိုးဝေစည်နေသည့် တိုင်းဒေသကြီးဧရာဝတီ

ခရမ်းစိုးမြင့်

ဧရာဝတီတိုင်းဒေသကြီးသည် ခေတ်တည် သမိုင်းဝင်မြန်မာမင်းများ စိုက်ထူခြင်းမရှိခဲ့သော ဒေသဖြစ်သော်လည်း ထူးခြားသောသမိုင်းဆိုင်ရာ ဝိသေသများကြွယ်ဝလျက်ရှိသည်။

ဒေသတွင်း၌ မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသောဒေသတစ်ခုဖြစ်သည့်အားလျော်စွာ စီးပွားရေးမှာလည်း မိရိုးဖလာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးဘက်တွင်မူ လယ်ယာထွက်ကုန် ဆန်စပါးများ ပေါများ၍ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏စပါးကျီဟု တင်စားရလောက်သည့် ဝိသေသထူးတစ်ခုကို ပိုင်ဆိုင်ရရှိထားသည်။ သို့သော် ထို့ထက်ပို၍သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုဟူ၍ကား မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းမှ ပြည်သူများ ရေလမ်းခရီးတစ်ခုတည်းကိုသာအားထား သွားလာနေရသောကြောင့်ဖြစ်သည်။

**လမ်းကွန်ရက်မိုင်ပေါင်း ၄၉၄ မိုင်အထိရှိ**

ယခုအခါမှာ ဤသို့မဟုတ်တော့ပြီ။ ဧရာဝတီတိုင်းဒေသကြီးသည် ထူးကဲ၍ ဖွံ့ဖြိုးဝေစည်နေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုပါမူ ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်ဆိုသည့်အဖြစ်ဆိုးကြီးနှင့် ကြုံခဲ့ရပြီးနောက် ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းလမ်းဦးစီးဌာနတို့က လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကြီးကို လမ်းမကြီးငါးသွယ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီးအတွင်း လမ်းကွန်ရက် ၁၁ သွယ်အထိရှိနေပြီး လမ်းကွန်ရက်မိုင်ပေါင်း ၄၉၄ မိုင်အထိရှိနေသောကြောင့်ဖြစ်သည်။

ယင်းတို့မှာ မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၄ မိုင် ၆ ဖာလုံ၊ မော်လမြိုင်ကျွန်း-လှိုင်ဘုန်း-သစ်ပုတ်ကွင်း-ပေါက်-ပြင်စလူလမ်း ၇၂ မိုင် ၃ ဖာလုံ၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း ၃၅ မိုင် ၂ ဖာလုံ၊ လပွတ္တာ(ကျောက်ဖျာလေး) သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၅၅ မိုင် ၁ ဖာလုံ၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ၄၂ မိုင်၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၈ မိုင် ၅ ဖာလုံ၊ ဖျာပုံ-ကျုံကဒွန်း-ဒေါင်ြင်မ်း-အမာလမ်း ၅၁ မိုင်၊ ကျုံကဒွန်း-စက်ဆန်းလမ်း ၁၇ မိုင် ၆ ဖာလုံ၊ ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း ၉၅ မိုင်၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း ၂၂ မိုင် ၅ ဖာလုံ၊ ပုသိမ်-ငပုတောလမ်း ၁၉ မိုင် ၅ ဖာလုံတို့ဖြစ်သည်။



လမ်းကွန်ရက်အမှတ်(၁) မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းကို တွေ့ရစဉ်။

**တံတားစုစုပေါင်း ၂၇၅၉ စင်း တည်ဆောက်**

လမ်းကွန်ရက်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ချောင်းများပေါ်၌ ပေ ၁၉၀၀ ရှိ ရွှေလောင်းမြစ်ကူးတံတား၊ ပေ ၃၀၂၀ ရှိ ဝါးခယ်မမြစ်ကူးတံတား၊ မြောင်းမြတံတား၊ ညောင်တုန်းတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ပုသိမ်တံတားအမှတ်(၁)၊ (၂) အပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၉၃ စင်း၊ ပေ ၁၈၀ အောက် ကွန်ကရစ်တံတား ၉၄၂ စင်း၊ ဘေလီတံတား ပေ ၁၈၀ အထက် ၄၄ စင်း၊ ပေ ၁၈၀ အောက် ၆၁ စင်း၊ သစ်သားတံတား ပေ ၁၈၀ အထက် ကိုးစင်း၊ ပေ ၁၈၀ အောက် အစင်း ၅၀၊ ရေပြွန်/ရေကျော်တံတား ပေ ၁၈၀ အောက် အစင်း ၁၅၆၀ ရှိပြီး တံတားစုစုပေါင်း ၂၇၅၉ စင်း တည်ဆောက်ပေးထားသည်။

ယင်းသို့ လမ်းကွန်ရက်များ၊ တံတားစီမံကိန်းကြီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း အလျားလိုက်လမ်းမကြီး လေးသွယ်ဖြစ်သည့် ရန်ကုန်-ညောင်တုန်း-ဓနုဖြူ-ငသိုင်းချောင်း-ဂွ-သံတွဲ-တောင်ကုတ်-ဆနဲခမောင်း-တပ်တောင်း-အမ်း-မြောက်ဦး-ကျောက်တော်- ဘူးသီးတောင်-မောင်တော-စစ်တွေကားလမ်း၊ ပုသိမ်-ငသိုင်းချောင်း-ကွင်းကောက်- ဘက်ရဲ- ဥသျှစ်ပင်- ပဒန်း-ကံပြား- ကဇွန်းမ- မြိုင်- ဆားလင်းကြီး- မုံရွာကားလမ်း၊ ပုသိမ်- ရေကြည်-ကျုံပျော်-အထောင်-ဟသံ်ာတ-အင်္ဂပူ-မြန်အောင်-ကြံခင်း-ဘက်ရဲကားလမ်း၊ ပုသိမ်-မော်တင်စွန်းကားလမ်းနှင့် ပြည်ထောင်စုစာရင်းဝင် ကန့်လန့်ဖြတ်လမ်းမကြီးကိုးသွယ်ဖြစ်သည့် ရန်ကုန်-ညောင်တုန်း-ဓနုဖြူ-ငသိုင်းချောင်း - ဂွ၊ ရန်ကုန် - ညောင်တုန်း - ပန်းတနော်-ဝါးခယ်မ-ကျုံမငေး-လပွတ္တာ၊ ရန်ကုန်-ညောင်တုန်း-ကျောင်းကုန်း-ပုသိမ်၊ ရန်ကုန်-ကျိုက်လတ်-မော်လမြိုင်ကျွန်း၊ ရန်ကုန်-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-ကျိုက်ပိ-မော်လမြိုင်ကျွန်း၊ ရန်ကုန်-ဒေးဒရဲ-ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-ဆိတ်မ-အမာ၊ ရန်ကုန်- တွံတေး - မအူပင်- မော်လမြိုင်ကျွန်း၊ ပုသိမ်-ငပုတော-လပွတ္တာ၊ ပုသိမ်-မြောင်းမြ-လပွတ္တာ၊ အလျားလိုက်နှင့် ကန့်လန့်ဖြတ်လမ်းမကြီးများနှင့် ဆက်သွယ်ပေါင်းဆုံပြီး ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ယခင်က ရေလမ်းခရီးကိုသာ အသုံးပြု၍ သွားလာနေရသည့်ဘဝမှ ယခုအခါ ကုန်းလမ်းခရီးမှ မော်တော်ယာဉ်များဖြင့်သွား၍ ရသည်အထိ တိုးတက်လျက်ရှိနေပြီဖြစ်သည်။

**ဖွံ့ဖြိုးဝေစည်နေပြီ**

အချုပ်အားဖြင့်ဆိုရသော် ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး ဖောက်လုပ်လိုက်ခြင်းနှင့် ရေနံမြေသစ်များဖြစ်သည့် မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေများကို ရှာဖွေတွေ့ရှိခြင်းနှင့်အတူ ပုသိမ်မြို့မှ အရှေ့စူးစူးသို့ ထိုးထွက်လာသော အမှတ်(၅) ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးနှင့် တံတားကြီးများ၊ လမ်းကွန်ရက်များ၊ မြစ်ရေတင်စီမံကိန်းများ၊ မိုးစပါး၊ နွေစပါးများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများနှင့် မိုက်ခရိုဝေ့ဖ်စခန်းများ၊ ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ၊ ကျေးလက်မီးလင်းရေး ဆိုလာဓာတ်အားပေးစက်ရုံများ၊ မြို့ပေါ်ရေပေးရေးစခန်းများ၊ အပန်းဖြေစရာ ငွေဆောင်၊ ချောင်းသာတို့လို သဘာဝကမ်းခြေစခန်းများ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍသစ်တို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် ယခုအခါ ဖွံ့ဖြိုးဝေစည်နေပြီဖြစ်သည်။ ။

**❝ စိုက်ပျိုးရေးဘက်တွင်မူ လယ်ယာထွက်ကုန် ဆန်စပါးများပေါများ၍ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏စပါးကျီဟု တင်စားရလောက်သည့် ဝိသေသထူးတစ်ခုကို ပိုင်ဆိုင်ရရှိထားသည်။ သို့သော် ထို့ထက်ပို၍သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုဟူ၍ကားမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းမှ ပြည်သူများ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားထားသွားလာနေရသောကြောင့်ဖြစ်သည်။ ယခုအခါမှာ ဤသို့မဟုတ်တော့ပြီ။ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကြီးကို လမ်းမကြီးငါးသွယ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီးအတွင်း လမ်းကွန်ရက် ၁၁ သွယ် အထိရှိနေပြီး လမ်းကွန်ရက်မိုင်ပေါင်း ၄၉၄ မိုင်အထိရှိ ❞**



လမ်းကွန်ရက်အမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေးလမ်းကို တွေ့ရစဉ်။



လမ်းကွန်ရက်အမှတ်(၇) ဖျာပုံ-ကျုံကဒွန်း-အမာလမ်းကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၇၂,၆၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၉၆) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၆၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၃၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၃၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၇၀) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၃၆) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၅၅၉) ခု | (၁၃) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၂၃၆၄၄၉ | ၈၄၈၁၀၅၅၄ | ၁၀၄၂၂၉၁ |
| ၂။ | အိန္ဒိယ | ၄၃၄၅၂၁၆၄ | ၄၂၈၂၂၄၉၃ | ၅၂၅၁၁၆ |
| ၃။ | ဘရာဇီး | ၃၂၂၈၃၃၄၅ | ၃၀၇၆၄၉၂၃ | ၆၇၁၁၉၄ |
| ၄။ | ပြင်သစ် | ၃၀၉၅၀၅၁၃ | ၂၉၆၀၃၈၇၉ | ၁၄၉၄၉၁ |
| ၅။ | ဂျာမနီ | ၂၈၁၈၀၈၆၁ | ၂၆၆၄၉၀၀၀ | ၁၄၁၁၀၅ |
| ၆။ | ဗြိတိန် | ၂၂၆၉၇၄၃၇ | ၂၂၁၃၈၈၉၂ | ၁၈၀၂၄၅ |
| ၇။ | အီတလီ | ၁၈၄၃၈၈၇၇ | ၁၇၄၃၅၃၇၀ | ၁၆၈၂၉၄ |
| ၈။ | ရုရှား | ၁၈၄၃၀၂၃၉ | ၁၇၈၅၈၂၁၇ | ၃၈၁၁၁၂ |
| ၉။ | တောင်ကိုရီးယား | ၁၈၃၅၉၃၄၁ | ၁၈၂၀၀၉၂၃ | ၂၄၅၄၇ |
| ၁၀။ | တူကီယဲ | ၁၅၁၂၃၃၃၁ | ၁၅၀၀၅၂၄၉ | ၉၉၀၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၆၄၇၀ | ၉၆၈၁၃၁၈ | ၄၃၀၈၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၈၈၄၆၀ | ၅၉၁၄၉၃၃ | ၁၅၆၇၃၇ |
| ၃။ | မလေးရှား | ၄၅၆၃၁၈၈ | ၄၄၉၈၇၁၁ | ၃၅၇၆၃ |
| ၄။ | ထိုင်း | ၄၅၂၂၉၁၅ | ၄၄၆၈၃၃၆ | ၃၀၆၅၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၀၄၄၀၇ | ၃၆၃၅၉၈၁ | ၆၀၅၅၅ |
| ၆။ | စင်ကာပူ | ၁၄၃၄၅၆၃ | ၁၃၃၅၅၄၅ | ၁၄၁၁ |
| ၇။ | မြန်မာ | ၆၁၃၅၉၆ | ၅၉၂၅၆၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၉၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၃၀၅၅ | ၁၅၇၆၆၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၇၉ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ် -၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် ဇွန် ၃၀

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီခြောက်ခုမှ Capiben–500 Tablet ၃၀၀၀၊ Glandin E2 Vaginal Tablet 1'S ၁၆၀၊ PCT (Afias Brand) ၄၇ ခု၊ (Troponin T) (Afias Brand) ၁၃ ခု၊ I–Chamber (Boditech Brand) ၅၀၊ Ichroma III(Boditech Brand) ၉၀၀၊ Cea (Afias Brand) ၅၀၊ AFP (Afias Brand) ၅၀၊ HBA 1C ( Afias Brand) ၅၀၊ TN–I PLUS (Afias Brand) ၁၀ ခု၊ CRP (Ichroma Brand) ၁၀၀၊ HBA 1C (Ichroma Brand) ၁၀၀၊ AFP ( Ichroma Brand) ၅၀၊ CEA (Ichroma Brand) ၃၀၊ RFIGM (Ichroma Brand) ၁၀ ခု၊ ASO (Ichroma Brand) ၅၀၊ Vitamin – D(Ichroma Brand) ၂၀၊ TN–I PLUS ( Ichroma Brand)၃၀၊ T4 (Ichroma Brand) ၃၀၊ Vitamin–D Control (Boditech Brand) ၂၀၊ Aspas Injection ၅၀၀၀၊ Noxaparin 40 Injection ၅၀ ခု၊ Nohaparin 60 Injection ၅၀၊ Tazin 4.5 (Powder for Injection) ၅၀ ခု၊ Avan 156 Power for Oral Suspesion ၅၀၄၀၊ Supramox Powder for Oral Suspesion ၁၂၀၀၀၊ AVAN–312 Suspesion ၅၀၄၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၅၂၄မျိုး စုစုပေါင်း ၁၂၀၆၁ ဒသမ ၈ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Diposable မျက်နှာအကာ ၇၅၃၇ ခု၊ Hanako Diposable Syringe ၁၃၂၆၄ ခု တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဖြူမြို့နယ်၌ နေဗီယာမြက် သရုပ်ပြစိုက်ပျိုး

ကျောက်ဖြူ ဇွန် ၃၀

ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မိုးရာသီ တိရစ္ဆာန်အစာ နေဗီယာမြက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကုန်းဘောင်ကျေးရွာနေတောင်သူ ဒေါ်သန်းညွန့်၏ မြေတစ်ကေတွင် ပြုလုပ်သည်။

တိရစ္ဆာန်အစာ နေဗီယာမြက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ကျောက်ဖြူခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကိုလတ်၊ ကျောက်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းလှိုင်၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက တက်ရောက်ပါဝင်စိုက်ပျိုးပေးကြသည်။ ထို့နောက် တက်ရောက်လာသော ဒေသခံတောင်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့သည်။

သုတ

# ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ယောက်မြောက်သမ္မတအဖြစ် ဖာဒီနန်မားကို့စ်ဂျူနီယာ ကျမ်းသစ္စာကျိန်ဆို

**မနီလာ ဇွန် ၃၀**

ဖိလစ်ပိုင်သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ သားဖြစ်သူ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ယောက်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

မေလတွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် သမ္မတ ဒူတာတေးအား ဖာဒီနန်မားကို့စ်ဂျူနီယာက ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲကို မြို့တော်မနီလာရှိ အမျိုးသားပြတိုက်တွင် ကျင်းပခဲ့ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာနှင့် တရုတ်ဒုတိယသမ္မတ ဝမ်ကီရှန်းတို့အပါအဝင် နိုင်ငံတကာမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖာဒီနန်မားကို့စ်လက်ထက်က နိုင်ငံအတွင်း၌ လမ်းများကောင်းမွန်စွာ ဖောက်လုပ်ပေးခဲ့ပြီး ဆန်စပါးထုတ်လုပ်မှုကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြောင်း ဖာဒီနန်မားကို့စ်ဂျူနီယာက ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် သမ္မတ ဒူတာတေးက ဖာဒီနန်မားကို့စ်လက်ထက်နောက်ပိုင်း အာဏာရရှိခဲ့သည့် အစိုးရများထက် နိုင်ငံအတွင်း အခြေခံအဆောက်အအုံများကို ပိုမိုကောင်းမွန်စွာ တည်ဆောက်ခဲ့ပါကြောင်း ဖာဒီနန်မားကို့စ်ဂျူနီယာက ဆိုသည်။

သမ္မတဒူတာတေး ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေး



ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ဆိုသည်။

ထို့ပြင် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှုန်းကို မြှင့်တင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၁၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၃၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၁၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၃၄၅၂၁၆၄ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦးသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၅၁၁၆ ဦးအထိ ရှိလာပြီဖြစ်သည်။




လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အကြာက သေဆုံးသူ လေးဦးသာရှိခဲ့ရာမှ လွန်ခဲ့သောရက် အနည်းငယ်အတွင်း သေဆုံးသူအရေအတွက်သည် သိသိသာသာမြင့်တက်လာကြောင်း သိရသည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၄ ဒသမ ၁၆ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၃ ဒသမ ၇၂ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၀၄၅၅၅ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၈၂၇ ဦး ကျန်းမာရေး ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၈၂၄၉၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**

■

# အင်ဒိုနီးရှားနိုင်ငံမှ အအေးခဲကြက်သားများ စင်ကာပူနိုင်ငံသို့တင်ပို့ခွင့်ပြု

**စင်ကာပူ ဇွန် ၃၀**

စင်ကာပူနိုင်ငံအတွင်းသို့ အင်ဒိုနီးရှားနိုင်ငံမှ အအေးခဲကြက်သားတင်ပို့ရောင်းချခွင့်ပြုလိုက်ကြောင်း စင်ကာပူ အစားအစာအေဂျင်စီက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံအစိုးရအနေဖြင့် နိုင်ငံ၏အစားအစာဖူလုံရေးအတွက် နှစ်ရှည်စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအေဂျင်စီကပြောကြားသည်။

စင်ကာပူအစားအစာအေဂျင်စီမှ တာဝန်ရှိသူများသည် မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ပြီး အင်ဒိုနီးရှားနိုင်ငံရှိ အစားအစာဘေးကင်းရေးဆိုင်ရာလုပ်ငန်းများနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကိုစစ်ဆေးခဲ့ရာတွင် သတ်မှတ်ချက်များ ပြည့်မီကြောင်း တွေ့ရှိခဲ့သည်။ စင်ကာပူနိုင်ငံသို့ကြက်သားတင်ပို့ရောင်းချလိုပါက စင်ကာပူနိုင်ငံက သတ်မှတ်ထားသည့် အစားအစာဘေးကင်းရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-စိုးသူရ**

# နမီးဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများဖြေလျှော့

**ဝင်းဒှုခ်  ဇွန် ၃၀**

နမီးဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ရောဂါလက္ခဏာမပြသသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား သီးခြားစောင့်ကြည့်မည့်ကာလကို ၁၀ ရက်မှ ငါးရက်သို့ လျှော့ချလိုက်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဗန်နန်ဂွန်ကပြောကြားသည်။

ထို့ပြင် ရောဂါပိုးရှိသူများနှင့် အနီးကပ်နေထိုင်ခဲ့သူများအား သီးခြားစောင့်ကြည့်ရမည့်ကာလကို ခုနစ်ရက်မှ ငါးရက်သို့ လျှော့ချခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူနှင့် အနီးကပ်နေထိုင်ခဲ့သူများမှာ နေအိမ်တွင် ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုခံယူပြီး ရောဂါပိုးမရှိကြောင်း အဖြေထွက်လာသည်အထိစောင့်သင့်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၅၇၂ ဦးရှိသည်။

**ကိုးကား-စီဂျီတီအင်န်၊ ဘာသာပြန်-စိုးသူရ**




# အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၇ သန်းကျော်ရှိလာ

**အဒစ်အာဘာဘာ ဇွန် ၃၀**

အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၇၉၄၂၀၅ ဦးအထိ မြင့်တက်လာကြောင်း အာဖရိကရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၅၄၀၇၉ ဦးရှိသည်။ သို့သော် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၁၁၅၃၀၉၇ ဦးရှိပြီဖြစ်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့သည် ဒေသတွင်း၌ ရောဂါကူးစက်မှုအများဆုံး တွေ့ရှိရသည့် နိုင်ငံများဖြစ်သည်။

တောင်အာဖရိကနိုင်ငံသည် ရောဂါကူးစက်ခံရသူ ၃၉၉၃၀၀၄ ဦးဖြင့် ဒေသတွင်း၌ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး မော်ရိုကိုနိုင်ငံ၌ ၁၂၂၉၀၆ ဦး တွေ့ရှိကာ ရောဂါကူးစက်မှုဒုတိယအများဆုံးဖြစ်သည်။

အာဖရိက တောင်ပိုင်းသည် ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ရောဂါတွေ့ရှိမှု ဒုတိယအများဆုံးဖြစ်သည်။

ဗဟို အာဖရိကဒေသသည် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

❖



# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်**

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ နိုင်နိုင်လွင်(ခ) ကိုနိုင်၊ မအေးအေးခိုင်နှင့် မသော်သော်တို့က တစ်မြို့တည်းနေ မ --- ၊ ၂၁ နှစ်နှင့် ရွှေပြည်သာမြို့နယ်နေ မ ---၊ ၁၇ နှစ် တို့ကို တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေ ၁၀ သိန်းရမည်၊ ရွှေနှင့်ဖုန်းများရမည်၊ တစ်နှစ်ခန့်သာ ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)အတုများ ပြုလုပ်ပေးပြီး မူဆယ်မြို့သို့ခေါ်ဆောင်ကာ တရုတ်နိုင်ငံနေ မမေသီဦးနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်နေစဉ် ဖမ်းဆီးရမိသဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ) ၆၂၃ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/ ၂၆(ခ)/ ၃၂ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ နိုင်နိုင်လွင်(ခ) ကိုနိုင်၊ မမေသီဦး၊ မအေးအေးခိုင်တို့ကို ဇွန် ၂၉ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မမေသီဦးအား တရားခံပြေး ကြေညာခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဒေါ်ဝါဝါစိုးက တစ်မြို့နယ်တည်းနေ မ --- ၊ ၂၁ နှစ်ကို တရုတ်အမျိုးသား ဓာတ်ပုံပြသ၍ လက်ထပ်ပေါင်းသင်းရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ ဓာတ်ပုံပြသသည့် အမျိုးသားနှင့် မဟုတ်ဘဲ စိတ်ကျန်းမာရေး မကောင်းသည့် တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း(ပ)၄၉၀၅/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဒေါ်ဝါဝါစိုးကို ဇွန် ၂၉ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လောက်ကိုင်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Kangda 125 အမျိုးအစား ဆိုင်ကယ်လေးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါဆိုင်ကယ်များ တင်ဆောင်လာသည့် Toyota Wish အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် Nissan Ad Van အမျိုးအစားမော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ**

၎င်းအပြင် ဇွန် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော အဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကြွေပြားချပ် ၁၉၄၈ ချပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Chenglong အမျိုးအစား ၂၂ ဘီးကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇွန် ၃၀ ရက်တွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၁ ဒသမ ၀၂၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၀၃၈၈)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၂၈၃၈၈ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဖျာပုံမြို့နယ်အတွင်း တရားမဝင် မျှောသစ်အလုံး ၄၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်းနှင့် သရက်မြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၃၂၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၅၇၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ယင်းအပြင် ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်နှစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးစီး ဘက်ထရီဆိုင်ကယ်အစီး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို လည်းကောင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

၎င်းအပြင် ဇွန် ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း Nissan Ad Vanအမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၉၉၉၆၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သာစည်နှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက်ညနေ ၆ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီး တောင်ကြီး-မိတ္ထီလာသွားကားလမ်းတွင် ဆန်းမျိုးအောင်မောင်းနှင်ပြီး ချမ်းငြိမ်းအောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကျိုင်းတုံမြို့နယ် ပန်ကျူကျေးရွာအုပ်စု နမ့်အွမ်ကျေးရွာအနီး ကျိုင်းတုံ- တောင်ကြီးသွားကားလမ်းတွင် ကျ၇ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၇-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့် သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၉:၄၀ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၂:၃၀ | MRTV National News |
| ၁၂:၅၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် |
| ၁၆:၃၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၇:၁၀ | Weekly Sports Info |
| ၁၇:၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ)(ပထမပိုင်း) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | သုတဝေဖြာ သီရိဂေဟာ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောပိန်းပေများ' (အပိုင်း-၁၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | အာရှ-ပစိဖိတ်ရုပ်သံလွှင့်အဖွဲ့အစည်း၏ (၁၀)ကြိမ်မြောက်ဂီတပွဲတော်ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'နှောင်း' |

### mitv

| | |
|---|---|
| 07:02 | Dhamma Settkyar (Nan Sandi) |
| 07:12 | The Mandolinist |
| 07:39 | Maha Myatmuni Buddha Image In Rakhine |
| 07:53 | School for the Blind |
| 08:01 | Myanmar Puppeteers (Duet Dance) |
| 08:11 | Betel Nut Farmer |
| 08:24 | Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1) |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: North Macedonia Pavilion at Expo 2020 Dubai |
| 09:34 | Fine Arts Podium (Conch Shell Wind Instrument) |
| 09:49 | Mon Traditional Dishes |
| 10:01 | Historic Of Kyaukka Shwe Gu Ni Pagoda |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
နှစ်(၁၀၀)ကျော်ရှိပြီဖြစ်တဲ့ ကရင်ရိုးရာလုံချည်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်သားတို့၏ဘဝအကြောင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ကျိုင်းတုံဒေသရဲ့သမိုင်းဝင်လက်ရာများ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခါကြက်ဥပူတင်းလုပ်ကြမယ်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
Welcome To Loikaw

**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နသီအစွမ်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ) (အပိုင်း-၁) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၀ | တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရိုးယားမြေသြဇာ |
| ၀၆:၅၅ | တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နသီအစွမ်း |
| ၀၇:၅၀ | ဆန်ရည်ဆန်သွေးအကြောင်းသိကောင်းစရာ |
| ၀၈:၀၀ | ကျေးလက်ကွန်ရက် |
| ၀၉:၅၅ | စပါးအထွက်နှုန်းတိုးစေရာ ရွက်စင်းရောဂါ ကာကွယ်ပါ |

### MRTV SPORTS


| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများအား လက်လုပ်မိုင်းများနှင့်အတူ ဖမ်းဆီးရမိမှု




❖ **ရန်ကုန်တိုင်းဒေသကြီးမှ**
အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဒေါနလမ်းသွယ်(၁)ရှိ အိမ်အမှတ်(၅)၌ ဉာဏ်လင်းထက်(ခ)ကိုဉာဏ်၊ အောင်မင်းခန့်(ခ)သခွားသီးနှင့် ထက်နန္ဒသိမ့်(ခ)နန္ဒတို့ကို လက်လုပ် Remote မိုင်းတစ်လုံး၊ Sound Box အတွင်း ထည့်သွင်းတပ်ဆင်ထားသည့် Remote မိုင်းတစ်လုံး၊ Keypad ဖုန်းတစ်လုံး၊ ကြယ်ဖြူတစ်လုံးပါ အလံတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိသည်။

**မောင်းနှင်ထွက်ပြေး**

ထို့ပြင် ဇွန် ၁၆ ရက်တွင် သန့်ဇင်အောင်(ခ)TK Boss နှင့် အီးဝမ်းတို့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရေဝတီလမ်းပေါ်ရှိ ပွိုင့်ထိပ်မှတ်တိုင်အနီးတွင် မိုင်းထောင်ဖောက်ခွဲရန် လုပ်ဆောင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တရားခံနှစ်ဦးသည်အနီးတွင် အသင့်ရပ်ထားသည့် ယာဉ်ပေါ်သို့တက်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယာဉ်ဖြင့်တိုက်၍ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ သန့်ဇင်အောင်(ခ) TK Boss ကို လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အီးဝမ်းအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံ သန့်ဇင်အောင်(ခ)TK Boss ၏ ထွက်ဆိုချက်အရ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၃)ရပ်ကွက် တိုက်အမှတ်(၃၈၁) အခန်းအမှတ်(A-5) သို့ သွားရောက်ရှာဖွေခဲ့ရာ Yangon Union Young Organization-YUYO အမည်ခံ အကြမ်းဖက်အဖွဲ့မှ လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိခဲ့**

ဖြစ်စဉ်တွင် တရားခံ ကျားခြောက်ဦး၊ မ လေးဦး ပေါင်း ၁၀ ဦးတို့ကို လက်လုပ် Remote မိုင်းနှစ်လုံး၊ Sound Box အတွင်း ထည့်သွင်းတပ်ဆင်ထားသည့် Remote မိုင်းတစ်လုံး၊ Keypad ဖုန်းတစ်လုံး၊ ကြယ်ဖြူတစ်လုံးပါ အလံတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ငြိမ်းစုရည်ဖြိုး(ခ)ဝေယံ၊ မိုးပွင့်ဖြူ (ခ)လရောင်နှင့် ဝါဝါဦး(ခ)ပန်ပန်၊ ဉာဏ်လင်းထက်(ခ)ကိုဉာဏ်နှင့် အောင်မင်းခန့်(ခ) သခွားသီးတို့သည် ၂၀၂၁ ခုနှစ် ဇွန်လတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ TNLA အဖွဲ့ တပ်မဟာ(၆)တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအား ၁၀ ရက် တက်ရောက်ခဲ့ကြောင်း၊ ဇူလိုင်လတွင် ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် TKF အမည်ခံအကြမ်းဖက်အဖွဲ့အား ငြိမ်းစုရည်ဖြိုး(ခ)ဝေယံ ခေါင်းဆောင်၍ ကောင်းသီဟနိုင်(ခ)ဇင်ယော်၊ မိုးပွင့်ဖြူ(ခ) လရောင်နှင့် ဝါဝါဦး(ခ)ပန်ပန်၊ ဉာဏ်လင်းထက်(ခ)ကိုဉာဏ်နှင့် အောင်မင်းခန့်(ခ)သခွားသီး၊ ထက်နန္ဒသိမ့်(ခ)နန္ဒ တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ဒီဇင်ဘာလတွင် YUYO အမည်ခံအကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန်တရားခံ ကြောင်နက်မှ ခေါင်းဆောင်၍ လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့အပါအဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အကြမ်းဖက်ဖောက်ခွဲမှုခြောက်ကြိမ်**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ TKF နှင့် YUYO အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုခြောက်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

❖ ၂၀၂၂ ခုနှစ် မေ ၁၇ ရက်တွင် တရားခံ ချစ်ကိုကို(ခ)ချစ်မင်းလှိုင်သည် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ရစဖမှူး ဦးလှမိုးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကြံသတ်ဖြတ်ရခြင်းမှာ ဧပြီ ၅ ရက်တွင် အင်းစိန်မြို့နယ် BOC မှတ်တိုင်အနီးတွင် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် သီရိဝေ(ခ)မဝေကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏သားဖြစ်သူ သန့်ဖုန်းဝေယံ ၃ နှစ်မှာ အုပ်ထိန်းသူမရှိဖြစ်နေသောကြောင့် သီရိဝေ(ခ)မဝေ၏ သဘောဆန္ဒအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အလုံမြို့နယ် စက်တွင်းလမ်းရှိ Best Choice မူကြိုကျောင်းမှ သွားရောက်ခေါ်ယူကာ မိခင်နှင့်အတူ နေထိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် တရားခံ ချစ်ကိုကို(ခ)ချစ်မင်းလှိုင်သည် အဆိုပါ ဖြစ်စဉ်ကို သိရှိခြင်းမရှိဘဲ ရစဖမှူး ဦးလှမိုးကို ရန်ငြိုးထားရှိကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း။

❖ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ မြို့နယ်တရားရုံးရှေ့၌လည်းကောင်း၊ ယမုံနာဈေးတွင်လည်းကောင်း လက်လုပ်မိုင်းနှစ်လုံး ဖောက်ခွဲခဲ့ကြောင်း။

❖ မတ် ၃၁ ရက်တွင် လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ ဟံသာဝတီမီးရထားဘူတာရှေ့ရှိ ဟံသာဝတီဂက်စ်ဆိုင်အနီးတွင်လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းဝင်းအတွင်း၌ လည်းကောင်း လက်လုပ်မိုင်းနှစ်လုံး ဖောက်ခွဲခဲ့ကြောင်း။

**စာမျက်နှာ ၁၆ သို့** ❂



၂၀၂၂ ခုနှစ် မေ ၁၇ ရက်တွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ရစဖမှူးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်ရှိ မြို့နယ်တရားရုံးရှေ့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်တွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဒေါနလမ်းသွယ်(၁)ရှိ အိမ်အမှတ်(၅)၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီမီးရထားဘူတာရှေ့ရှိ ဟံသာဝတီဂက်စ်ဆိုင် အနီး၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်ရှိ ယမုံနာဈေးတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏နေအိမ်ရှေ့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းဝင်းအတွင်း၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါ မိုင်းထောင်ဖောက်ခွဲသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သွားရောက်စစ်ဆေး**

ဖြစ်စဉ်မှာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် ဗိုလ်ဗထူးလမ်း မြန်မာ့စီးပွားရေးဘဏ်ရှေ့ရှိ စကြံလမ်း၌ ပေါက်ကွဲသံကြားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မီးသွေးဆောင် အခန်း(၂) ဗထူး(၉)လမ်း (၂)ရပ်ကွက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေသူ ထက်အောင်ကို(ခ)ကိုအောင် (၁၆)နှစ်(ဘ)ဦးတင်ဦးကို တွေ့ရှိရကာ ၎င်း၏ ဘေးလွယ်အိတ်အတွင်းမှ လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ထက်အောင်ကိုအား မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်ပွားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အသက်ငယ်ရွယ်သူများကို မက်လုံးပေးစေခိုင်း၍ မိုင်းထောင်ဖောက်ခွဲစေခဲ့ခြင်းဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို ထိရောက်စွာ အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**သတင်းစဉ်**



ထက်အောင်ကို(ခ)ကိုအောင်



လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။





သိမ်းဆည်းရမိသည့် လက်လုပ်မိုင်း မှတ်တမ်းဓာတ်ပုံ။

# ရွှေဘိုမြို့နယ် ကော့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံးလာရောက်ပစ်ချ၊ စာသင်ကျောင်းအမိုးအနည်းငယ်ပျက်စီး

**နေပြည်တော် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကော့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံး လာရောက်ပစ်ချဖောက်ခွဲခဲ့သဖြင့် စာသင်ကျောင်းအမိုး အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၉ ရက် ည ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကော့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း အခြေပြု၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက ဘိုးတော်တောကျေးရွာဘက်မှနေ၍ Drone ယာဉ်တစ်စီးအား အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံး လာရောက်ပစ်ချခဲ့ရာ လက်လုပ်ဗုံးမှာ စာသင်ကျောင်းအမိုးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာ မရရှိသော်လည်း စာသင်ကျောင်းအမိုး အနည်းငယ် ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရွှေဘိုမြို့နယ် ကော့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်ဖြင့် လက်လုပ်ဗုံးတစ်လုံးပစ်ချဖောက်ခွဲခဲ့၍ စာသင်ကျောင်းအမိုး အနည်းငယ် ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့နေသူများဖြစ်သည့် ဝဥ္စာကြည်လွင်(ခ)ဝဥ္စာ (၂၂)နှစ်၊ ဇော်မျိုးအေး(ခ)ပုရွက်ဆိတ် (၂၀)နှစ်၊ ငွေဟိန်း(ခ)ကိုဟိန်း (၂၄)နှစ်နှင့် ကျော်သူရအောင်(ခ) သရဲ (၃၄)နှစ်တို့ လေးဦးသည် ၎င်းတို့အသုံးပြုသည့် "Wanar" Facebook အကောင့်၊ "Zaw Myo Aye" Facebook အကောင့်၊ "Ko Hein" Facebook အကောင့်နှင့် "Kyaw Thura Aung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ထွန်းလင်းမြတ်(ခ) ကုလားလေး (၂၀)နှစ်သည် ၎င်းအသုံးပြုသည့် "Htun Lin Myat" Facebook အကောင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ပိတောက်မြိုင်ရပ်ကွက်နေ ထက်အောင်လင်းသည် ၎င်းအသုံးပြုသည့် "Htet Aung Lin" Facebook အကောင့်၊ ဒက္ခိဏသီရိမြို့နယ်နေ အိအိငြိမ်းသည် ၎င်းအသုံးပြုသည့် "Ei Ei Nyein" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၅ မှ

❖ မေ ၁၃ ရက်တွင် လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့သည် ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်ရှေ့တွင် လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့ကြောင်း။

❖ ဇွန် ၁၆ ရက်တွင် သန့်ဇင်အောင်(ခ)TK Boss သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရောဝတီလမ်းရှိ ရဲကင်းရုံအား လက်လုပ်မိုင်းတစ်လုံး ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများပေးအပ်ချီးမြှင့်လျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# လူ နဲ့ ပိုး

**သမားအို**

“လူတွင်ပါလို့ နွားကျားကိုက်ခံရတာ”ဆိုတဲ့ ရှေ့လူကြီးတွေရဲ့ စကားဟာ ကိုဗစ်-၁၉ ကပ်ရောဂါက ပေးထားတဲ့သင်ခန်းစာနဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။

၂၀၂၀ နှစ်ဆန်း ကိုဗစ်-၁၉ ရောဂါသတင်းတွေ ကြားခါစက တွေးရိုးတွေးစဉ်တွေးကြတဲ့ ဆရာဝန်တွေရဲ့ပါးစပ်က နှစ်ပတ်ပဲသည်းခံရင် ရောဂါပြဿနာကျသွားမယ်လို့ ပြောခဲ့ကြပါတယ်။ ရောဂါခြေချုပ်လုပ်ဖို့ အိမ်တွေမှာပဲနေဖို့ဆိုတဲ့ ကိစ္စတွေကို သည်းခံနိုင်အောင် အားပေးရင်း အားပေးရင်းနဲ့နေတော့ ကမ္ဘာကြီးတစ်ခုလုံး နှစ်နှစ်ကျော်ကြာ ခြေချုပ်ကျနေတဲ့ဒဏ်ကို မခံနိုင်တော့ဘဲ လှုပ်လှုပ်ရွရွဖြစ်လာကြပါတယ်။

**G-20 အစည်းအဝေး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ရဲ့ လုပ်ဆောင်ချက်တွေကို အားမရဘဲ အခုကျင်းပနေတဲ့ G-20 အစည်းအဝေးမှာပဲ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးနဲ့ပတ်သက်ပြီး ကပ်ရောဂါဆိုင်ရာဆုံးဖြတ်ချက်တွေကို၊ လမ်းညွှန်ချက်တွေကို ပြင်မှဖြစ်မယ်လို့ ပြောလာကြပါတယ်။

အဲဒီလိုပြောလာတဲ့အထဲမှာ အင်ဒိုနီးရှားဝန်ကြီးက “The health crisis becomes, an economic crisis, economic crisis becomes a social crisis and a social becomes a political crisis” လို့ ပြောသွားပါတယ်။ “ကပ်ရောဂါကြောင့်ဖြစ်လာတဲ့ ကျန်းမာရေးပြဿနာက စီးပွားရေးပြဿနာဖြစ်၊ စီးပွားရေးပြဿနာက လူမှုရေးပြဿနာဖြစ်ပြီးနောက်တော့ နိုင်ငံရေးပြဿနာတွေဖြစ်လာတယ်”လို့ ဆိုတယ်။ အဲဒီအထိကတော့ မှန်ပါတယ်။ ဒါပေမဲ့ G-20 အစည်းအဝေးမှာ “Global Health protocol standards that will make the mobility of global travellers easier” အကြံဉာဏ်တွေ ထုတ်လာတာကိုတော့ စဉ်းစားကာနေရဦးမယ်လို့ ဆိုရပါမယ်။ စီးပွားရေးဆရာတွေက စီးပွားရေးကို ဦးစားပေးတာမှန်ပေမဲ့ လူတွေရဲ့ အပြုအမူတွေက ကပ်ရောဂါတွေကို ပိုမိုဆိုးရွားစေရုံသာမကဘဲ ဆေးကုမရတဲ့ ဗိုင်းရပ်စ်ပိုးတွေကို ပိုပြီး အားပေးအားမြှောက် လုပ်သလို ဖြစ်နေတာကို ထည့်တွက်ဖို့လိုပါသည်။

ရှေးရှေးတုန်းကလည်း ကပ်ရောဂါတွေ ရှိခဲ့တာပဲ။ Block Death လို့ခေါ်တဲ့ ပလိပ်ရောဂါလိုပဲ ကြောက်စဖွယ်ကြုံခဲ့ရတယ်။ ကာလဝမ်းရောဂါကြီးတွေနဲ့လည်း ကြုံခဲ့ရတယ်။ ကျောက်ရောဂါကြီးတွေနဲ့လည်း ကြုံခဲ့ရတယ်။ ရောဂါစဖြစ်တဲ့နေရာကနေ ကျယ်ပြန့်တဲ့ ကပ်ရောဂါအသွင်ပြောင်းရတာ ဘာကြောင့်လဲလို့ ဆန်းစစ်ရင် လူတွေရဲ့ကြောက်စိတ်နဲ့ လှုပ်ရှားသွားလာမှုက အဓိကကျနေတာ တွေ့ရပါတယ်။ ရောဂါဖြစ်တယ်ဆိုတာ သဲ့သဲ့ကြားတာနဲ့ ရပ်ရွာကိုပစ်ပြီး ထွက်ပြေးကြတယ်။ အဲဒီထွက်ပြေးသွားတဲ့လူအုပ်စုတွေထဲမှာ ရောဂါလက္ခဏာမပြတဲ့လူတွေ ပါလာတယ်။ ရောဂါပိုးတွေကပ်ငြိနေတဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ ပါလာတယ်။ ဒါတွေက လူတွေရောက်ရာဒေသမှာ ရောဂါကူးစက်ဖို့ အဆင်သင့်ဖြစ်နေတာ တွေ့ရပါတယ်။

၂၀၁၉ အကုန်မှာ ကိုဗစ်-၁၉ စဖြစ်တယ်။ ဝူဟန်မှာ ရောဂါဖြစ်ပြီလို့ သတင်းထွက်တာနဲ့ ထွက်ပြေးပြောင်းရွှေ့သွားတဲ့သူတွေ အများကြီးပဲ။ သူတို့တစ်တွေ ဘယ်ရောက်ကုန်သလဲ။ ဝူဟန်ကို ပိတ်ဆို့ဖို့(Lockdown) လုပ်ဖို့ဆုံးဖြတ်ဆောင်ရွက်ရတဲ့ အချိန်မတိုင်ခင်မှာ လူသန်းပေါင်းများစွာ ပြောင်းရွှေ့ထွက်သွားမှာသေချာပါတယ်။ ဥရောပကို ရောက်တယ်။ နောက်တော့ အမေရိကန်မှာ စုပြုံသွားတယ်။ အခုထက်ထိလည်း ကိုဗစ်-၁၉ ကပ်က မရပ်သေးဘူး။ အမေရိကန်က ချန်ပီယံပဲ။ လောလောဆယ် ပြန်ခေါင်းထောင်လာတဲ့ပိုးက အိုမီခရွန်ဗိုင်းရပ်စ်ပိုးရဲ့ မျိုးကွဲ BA.4 နဲ့ BA.5 တွေ များလာတယ်။ စမ်းသပ်ကြည့်တဲ့လူတွေရဲ့ လေးပုံတစ်ပုံဟာ ကိုဗစ်-၁၉ ရဲ့ မျိုးကွဲအိုမီခရွန်ရဲ့ နောက်ဆက်တွဲ ထွက်လာတဲ့ BA.4 နဲ့ BA.5 တွေပါပဲ။ အလွန်ကူးစက်မြန်ပြီး လူတွေရဲ့ကိုယ်ခံအားကို လှည့်ပတ်ရှောင်းရှားပြီး ဝင်သွားနိုင်တယ်လို့ ပညာရှင်တွေက ပြောကြပါတယ်။

ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းမှုတွေ ဖြစ်လာနေတာကို ထောက်ပြပြီး ခရီးသွားတွေ များများသွားရင် စီးပွားဖြစ်မယ်လို့ အကြောင်းပြကြတယ်။ ပိတ်ထားတဲ့တံခါးတွေ ဖွင့်ကြရတယ်။ ဒါက တစ်ကမ္ဘာလုံးပဲ။ အိမ်နီးချင်း ထိုင်းနိုင်ငံကတော့ လက်မြန်ခြေမြန် စီးပွားပြန်တက်လာအောင်ဖွင့်ပေးထားတယ်။ မြန်မာနိုင်ငံနောက်မှာ ဝေးဝေးကျန်ခဲ့ဖူးတဲ့ စင်ကာပူနိုင်ငံတောင်မှ မြန်မာ့ကိုဗစ်-၁၉ နှုန်းထားကို များစွာကျော်လွှားသွားတယ်။ ရောဂါပိုးတွေ့နှုန်းက စင်ကာပူမှာ မြန်မာထက် နှစ်ဆကျော်ကျော်ဖြစ်လာတယ်။ ဗီယက်နမ်နိုင်ငံဆိုရင်လည်း အာဆီယံနိုင်ငံတွေထဲက အားလုံးကိုကျော်ဖြတ်ပြီး ထိပ်ဆုံးပိုးတွေ့နှုန်းရှိတဲ့နိုင်ငံဖြစ်လာတယ်။

**နိုင်ငံအချို့မှာ ပဉ္စမလှိုင်း**

ဘာဖြစ်လဲ။ များများရောဂါဖြစ်ပြီး နဲနဲပဲသေတဲ့နိုင်ငံ ရှားလာပြီ။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးဟာ ကုရာနတ္ထိဆေးမရှိဘူး။ ကာကွယ်ဆေးတွေ အမျိုးမျိုးထုတ်ပြီးကာကွယ်လာကြလို့ ကူးစက်ခံရသူ နည်းလာတယ်။ သေကောင်ပေါင်းလဲ မဖြစ်တော့ဘူးဆိုတာမှန်ပေမဲ့ ရောဂါပိုးတွေဟာ ဗီဇပြောင်းပြီး တိုက်ခိုက်လာတာကြောင့် ပင်လယ်ကလာတဲ့လှိုင်းလုံးတွေလို တစ်လုံးပြီးတစ်လုံး ဆင့်လာတယ်။ နိုင်ငံအချို့မှာ ပဉ္စမလှိုင်း (Fifth wave) တွေ ကြုံတွေ့ခဲ့ပြီးပါပြီ။

မြန်မာနိုင်ငံမှာတော့ ဒီနှစ်ဆန်းမှ စတုတ္ထလှိုင်းလို့ပြောရင်ရတဲ့ လှိုင်းကလေးတစ်ခု အိုမီခရွန် (Omicron) ပြောင်းဖြစ်ခဲ့ပြီး အခုတော့ ပိုးတွေ့နှုန်းတွေဟာ အတော်ပဲနည်းသွားတယ်။ စစ်တဲ့အထဲက လေး၊ ငါးယောက်လောက်ပဲရှိနေပေမဲ့ အခုရက်ပိုင်းအတွင်းမှာ ဆယ်ယောက်နဲ့အထက် ပိုးတွေ့သူတွေရှိလာတယ်။ သဘာဝအတိုင်း လှိုင်းကြက်ခွပ်ကလေးတွေပဲလား၊ ဒါမှမဟုတ် ပဉ္စမလှိုင်းရဲ့အစလား။ ဘယ်သူမှ အပ်ကျမပ်ကျ မပြောနိုင်ပါဘူး။

**ရောဂါလက္ခဏာမပြတဲ့လူတွေ**

အရေးကြီးတာက ကိုယ့်နိုင်ငံထဲကို ရောဂါပိုးသစ်တွေ ဝင်မလာအောင်၊ ဝင်လာခဲ့ရင်လည်း စောစောသိ စောစောထိန်းချုပ်နိုင်အောင်ဆောင်ရွက်ဖို့ပါပဲ။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ တာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်နေကြတာကို တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ ကိုဗစ်-၁၉ သင်ခန်းစာတွေကို ပြန်ကြည့်ရင် ရောဂါလက္ခဏာမပြတဲ့ လူတွေက ပိုများတာလည်း တွေ့နိုင်တယ်။ အစက ထင်ထားတဲ့ ရောဂါလက္ခဏာတွေ (ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူကျပ်) မဟုတ်။ အနံ့ပျောက်တာတွေ ဖြစ်လာလို့အနံ့ပျောက်သူတွေကို စောင့်ကြည့်အုပ်စုအဖြစ်ထားခဲ့ရတယ်။ အခုအိုမီခရွန်ကျတော့ အနံ့တင်မက အရသာပါပျောက်တယ်။ လည်ချောင်းနာတယ်၊ ဝမ်းပျက်တယ်၊ ကိုက်တယ်နာတယ်ဆိုတာတွေပါဖြစ်လာတယ်။ သေချာတာတစ်ခုကတော့အစမှာ အဖျားတိုင်းနေရုံနဲ့ မကာကွယ်နိုင်ဘူးဆိုတဲ့အချက်ပါပဲ။ လွဲမှားစိတ်ချရမှု (Failed Safe) ဖြစ်စေနိုင်တဲ့အချက်တွေရှိနေတယ်။

ကူးစက်မြန်တဲ့ အိုမီခရွန် မျိုးကွဲ BA.4 နဲ့ BA.5 ဟာ အမေရိကန်မှာ ခေါင်းထောင်လာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်လာတယ်။ ပိုးတွေ့နှုန်း နေ့စဉ် သိန်းဂဏန်းလောက်ရှိပြီး နေ့စဉ်ပဲ ရာဂဏန်းလောက်သေနေဆဲပဲ။ လူတစ်သန်းကျော်သေသွားခဲ့တဲ့ အမေရိကန်နိုင်ငံမှာ အခုထက်ထိ လူတွေဟာ ကိုယ်တိုင်ကျန်းမာစေဖို့ အပြုအမူတွေ ပြောင်းလဲဖို့ခက်ဆဲ၊ ပြောင်းလဲဖို့ငြင်းဆန်ဆဲပါပဲ။ ဒါလည်း လူ့သဘာဝပါ။ လွတ်လပ်လွန်းတဲ့ လူ့အဖွဲ့အစည်းတွေအတွက်တော့ ပုံမှန်ဖြစ်ရပ်တွေပဲဖြစ်ပါတယ်။ ဥရောပမှာလည်း ဒီအချိန်မှာပွင့်လင်းရာသီဖြစ်လို့ ပျော်ပျော်ရွှင်ရွှင် အိမ်အပြင်ထွက်ကြတယ်။ ဆောင်းတွင်းရောက်ရင် ဆောင်းခိုငှက်တွေလိုပဲ အာရှနိုင်ငံက ဒေသအမျိုးမျိုးမှာ ဈေးသက်သက်သာသာ အပန်းဖြေနိုင်မယ့် နေရာတွေကိုလာကြလိမ့်ဦးမယ်။ ဇန်ကောက်က ညကလပ်တွေမှာ စည်ကားဦးမယ်။ (ဒီမှာရှိ၊ မရှိ မသိပါ။)

လောလောဆယ်ထိုင်းနိုင်ငံထဲကို BA.4 နဲ့ BA.5 မျိုးကွဲတွေ ရောက်နေပါပြီ။ အင်ဒိုနီးရှားနိုင်ငံမှာလည်း အဲဒီပိုးမျိုးကွဲတွေကို တွေ့နေရတယ်လို့ သတင်းထုတ်ပါတယ်။ ကျွန်တော်တို့နဲ့ ထိုင်းနိုင်ငံက အိမ်ဦးနဲ့ကြမ်းပြင်လိုပဲဖြစ်နေတာမို့ ကူးစက်မြန်တဲ့ BA.4 နဲ့ BA.5 ဟာ ရောက်ကို ရောက်လာမှာပါ။ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းဂယက်တွေကိုကြည့်ရင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ် သုံးလဝါဆိုဝါခေါင် ရေတွေဖောင်တဲ့လတွေမှာ ကိုဗစ်-၁၉ လှိုင်းထလေ့ရှိတာကို တွေ့ခဲ့ရပြီးဖြစ်တဲ့အတွက် မကြာခင်မှာ လှိုင်းဂယက်တွေထလာမှာကို တွေးပူမိတယ်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးဟာ အေးမြစိုစွတ်တဲ့ ပတ်ဝန်းကျင်ကို ကြိုက်တယ်လို့ သုတေသီတွေက ပြောကြလို့ ဒီကာလမှာ သတိထားဖို့ လိုလာပါတယ်။ စိုးရိမ်စရာသိပ်မလိုပေမဲ့ ကြိုတင်သိတော့ကိုယ်တိုင် ကာကွယ်နိုင်တယ်။ အများကိုလည်းကာကွယ်ပေးနိုင်တယ်။ ကာကွယ်ဆေးတွေလည်း မထိုးရသေးရင် ပြေးထိုးလိုက်ဖို့ အချိန်ရပါသေးတယ်။

ဒီကပ်ရောဂါသံသရာဟာ ပြီးတော့မှာလားဆိုတဲ့ မေးခွန်းတွေထပ်နေပေမဲ့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။ လူတွေက အကျင့်မပြင်ချင်ကြတဲ့အချိန်မှာ ပိုးတွေက ဗီဇပြောင်းဖို့ အခွင့်အလမ်းတွေ ရနေကြတယ်။ အာဟာရချို့တဲ့တယ်၊ ရောဂါအခံတွေ များတယ်၊ ဆင်းရဲကျပ်တည်းစွာ စုပြုံနေကြရတယ်၊ ရွှေ့ပြောင်းအလုပ်လုပ်နေကြရတယ်။ ကျောခင်းစရာတစ်နေရာလေးရဖို့ အလုပ်ရှိတဲ့ မြို့ကြီးပြကြီးတွေမှာ မိုခိုပြီးဖြစ်သလို နေကြရတယ်။ ဒါကြောင့် အပြင်ထွက်အလုပ်လုပ်၊ အားတဲ့အချိန်မှာ လက်ဖက်ရည်ဆိုင်ထိုင်နေ (အနောက်နိုင်ငံတွေမှာတော့ ဘီယာဆိုင်တွေ)။ ဒီလိုနေထိုင်မှု သာမန်တွေနဲ့ ရှင်သန်ရတော့ (Stay at home) ဆိုတာထက် Home ဆိုတဲ့ နွေးထွေးတဲ့ ရိပ်မြုံတွေမရှိရင် စိတ်ဖိစီးဒဏ်ရာရမှု များလှပါတယ်။

ရွှေ့ပြောင်းအလုပ်လုပ်ဖို့ ခရီးထွက်ရတယ်။ ပိုက်ဆံကလေးပိုက်နိုင်တော့လည်း အိမ်ပြန်ရတယ်။ ပွဲလမ်းသဘင်ရှိတဲ့ ကိုယ့်ရပ်ကိုယ့်ရွာကိုလည်း ပြန်လာဖြစ်ဖို့ကြိုးစားရတယ်။ တစ်ကမ္ဘာလုံးမှာ စီးပွားရေးကျားကန်ပေးနေတာဟာ ရွှေ့ပြောင်းလုပ်သားတွေပဲလို့ ဆိုရလောက်အောင်ဖြစ်လာတယ်။ အလုပ်လုပ်ဖို့ ရွှေ့ပြောင်းတယ်။ ဆောင်းခိုဖို့ ရွှေ့ပြောင်းတယ်။ ပျော်ဖို့၊ အနားယူဖို့ ရွှေ့ပြောင်းသွားလာတယ်။ ဒီသဘာဝကို ထည့်မတွက်ဘဲ ကပ်ရောဂါတွေ ပျောက်အောင်မလုပ်နိုင်ပါဘူး။

**ကမ္ဘာ့နိုင်ငံ ၄၄ နိုင်ငံမှာ**
**လူနာပေါင်း ၃၅၀၀ကျော်**

သုတေသနတစ်ခုမှာ မျောက်ကျောက်(Monkey Pox) ရောဂါပိုးဟာ ဗီဇပြောင်းလဲမှုတွေရှိတယ်လို့ ဆိုလာတယ်။ နိုင်ဂျီးရီးယား (Nigeria) နိုင်ငံမှာ အခြေချခဲ့တဲ့ မျောက်ကျောက်ပိုးဟာ ဗီဇပြောင်းမှု အကြိမ်ပေါင်း ငါးဆယ်လောက်ရှိတယ်တဲ့။ ပိုပြီး ကူးစက်မြန်လာမယ့်သဘောရှိတယ်။ ဒီကနေ့ စာရင်းအရ ကမ္ဘာ့နိုင်ငံ ၄၄ နိုင်ငံမှာ လူနာပေါင်း ၃၅၀၀ကျော် ရှိလာပြီဖြစ်လို့ WHO က ခေါင်းခြောက်နေရပါပြီ။

ကျွန်တော်တို့တော့ အေးဆေးပဲလား။ စင်ကာပူမှာ မျောက်ကျောက်ရောဂါပိုးရှိတဲ့သူကို တွေ့ရတာ သေချာပြီ။ တောင်ကိုရီးယားမှာလည်း တွေ့နေရတယ်။ အောင်းခိုဖို့လာကြမယ့် အနောက်တိုင်းသားတွေထဲက ပိုးသယ်လာမယ့် လူတွေကတစ်ဆင့် ဒေသခံတွေကို ကူးစက်လိမ့်မယ်။ “ရွှေ” တို့ဟာ သံမှုန့်စားပြီး လူဖြစ်နေတာ မဟုတ်ပါဘူးခင်ဗျာ။ ။

> **“သုတေသနတစ်ခုမှာ မျောက်ကျောက်(Monkey Pox) ရောဂါပိုးဟာ ဗီဇပြောင်းလဲမှုတွေရှိတယ်လို့ ဆိုလာတယ်။ နိုင်ဂျီးရီးယား (Nigeria) နိုင်ငံမှာအခြေချခဲ့တဲ့ မျောက်ကျောက်ပိုးဟာ ဗီဇပြောင်းမှုအကြိမ်ပေါင်း ငါးဆယ်လောက်ရှိတယ်တဲ့။ ပိုပြီးကူးစက်မြန်လာမယ့်သဘောရှိတယ်။ ဒီကနေ့ စာရင်းအရ ကမ္ဘာ့နိုင်ငံ ၄၄ နိုင်ငံမှာ လူနာပေါင်း ၃၅၀၀ ကျော်ရှိလာပြီဖြစ်လို့ WHO က ခေါင်းခြောက်နေရပါပြီ”**

ကြေးမုံ



## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၃၅ | ၂၇၇၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၅ | ၂၃၅၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၁ | ၂၁၀၅ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (50 ppm) | ၂၃၂၅ | ၂၄၀၁ |
| HSD (10 ppm) | ၂၃၂၅ | ၂၄၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**ဟနွိုင်း ဇွန် ၃၀**

(၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (23rd ASEAN Sub–Committee Meeting on Information, 23rd SCI Meeting)ကို ယနေ့တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ The HILTON HANOI OPERA ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။




### တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာပြီး ဗန်ကောက်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့သို့ ညပိုင်းတွင်ရောက်ရှိကာ ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေးသို့ တက်ရောက်ခြင်းဖြစ်ပြီး နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်မြို့တို့ရှိ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအနေဖြင့်လည်း အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံပြန်ကြားရေးဆပ်ကော်မတီ(SCI) အလှည့်ကျသဘာပတိဖြစ်သည့် ဗီယက်နမ်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် MR Trieu Minh Longနှင့်တာဝန်ရှိသူများ၊အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြသည်။

### ဝိုင်းဝန်းဆွေးနွေး

အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ ဘတ်ဂျက်လျာထားခြင်း၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ စီမံကိန်းအသစ်ဆောင်ရွက်လိုသည့် နိုင်ငံများက အဆိုပြုစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ နောက်တစ်ကြိမ် SCI Meeting အလှည့်ကျ ကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းတို့အား အဓိကထား၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခုနှစ် SCI အစည်းအဝေးတွင် မြန်မာနိုင်ငံ SCI အဖွဲ့ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Project Proponent အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် 10th ASEAN Quiz Competition (National Level)ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံး၏ နိုင်ငံအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တာဝန်ခံဆွေးနွေးကြပြီး 10th ASEAN Quiz (Regional Level) အတွက် Game Plan အပါအဝင် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ထားရှိမှုများကို အခြားနိုင်ငံများသို့ ရှင်းလင်းတင်ပြကြသည်။

ထို့အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဌာနခွဲအသီးသီးမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် ASEAN News Exchange Initiatives Project၊ RISE ASEAN Project နှင့် ASEAN Creative Film Response on COVID–19 Project များနှင့် စပ်လျဉ်း၍ Update Information များကို အခြား SCI ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြကြပြီး SCI–Myanmar ၏ ဒုတိယမြောက် Project အသစ်အဖြစ် MITV ဌာနခွဲမှ ဆောင်ရွက်မည့် Sustainable ASEAN MSMEs Project ၏ Concept Note အား တင်သွင်းရှင်းလင်းဆွေးနွေးကြသည်။

### ပြန်လည်ကျင်းပခြင်းဖြစ်

အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး၊ အာဆီယံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် အွန်လိုင်းမှတစ်ဆင့် ယင်းအစည်းအဝေးများ ကျင်းပခဲ့ရာမှ ယခုနှစ်တွင် (၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (23rd ASEAN Sub–Committee Meeting on Information, 23rd SCI Meeting)ကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ကိုယ်တိုင် ပါဝင်တက်ရောက်သည့် အစည်းအဝေး (Physical Meeting) အဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်စစ်မှူး ရစ်ချာလီဆန်ကို ခေါ်ယူဖို့ သဘောတူညီမှုရရှိခဲ့တဲ့ စပါးအသင်း




စပါးအသင်းဟာ အဲဗာတန်အသင်း တိုက်စစ်မှူး ရစ်ချာ လီဆန်ကို ခေါ်ယူဖို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်တာကြောင့် လက်ရှိအချိန်မှာ ဘရာဇီးကြယ်ပွင့် ရစ်ချာလီဆန်အနေနဲ့ စပါးအသင်းမှာ ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုတွေ ပြုလုပ်ဖို့စီစဉ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

စပါးအသင်းဟာ တိုက်စစ်မှူး ရစ်ချာလီဆန်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ နဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ သဘောတူညီထားတာဖြစ်ပြီး ပေါင်သန်း ၆၀ အထိမြင့်တက်လာဖို့လည်း ရှိနေတာဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ် ရစ်ချာလီဆန်ဟာ ၂၀၁၈ ခုနှစ်အတွင်းက ဝက်ဖို့ဒ်အသင်းကနေ အဲဗာတန်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။

ရစ်ချာလီဆန်ဟာ အဲဗာတန်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၅၂ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၅၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း အဲဗာတန်အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိထားတဲ့ စပါးအသင်းဟာ ရစ်ချာလီဆန်ကို ခေါ်ယူဖို့ သဘောတူညီမှု ရရှိထားပြီးဖြစ်သလို ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ဂိုးသမား ဖရေဆာဖော်စတာနဲ့ ကွင်းလယ်ကစားသမား ဘစ်ဆူးမားတို့ကိုလည်း ခေါ်ယူထားပြီးဖြစ်တယ်လို့ သိရပါတယ်။

## ဘောလုံးလောကသတင်းတိုများ

**ဂျက်ဝီရှိုင်းယား ။** ။ အာဆင်နယ်အသင်းဟာ ကွင်းလယ်ကစားသမားဟောင်း ဂျက်ဝီရှိုင်းယားကို အာဆင်နယ်အသင်းရဲ့ အသက် ၂၃ နှစ်အောက်နဲ့ ၁၈ နှစ်အောက် အသင်းတွေမှာ လစ်လပ်နေတဲ့ နည်းပြရာထူးနေရာမှာ အစားထိုးခန့်အပ်ဖို့ ဆွေးနွေးမှု တွေပြုလုပ်နေတယ်လို့ သိရပါတယ်။




ဂျက်ဝီရှိုင်းယားကလည်း အဲဒီ လစ်လပ်နေတဲ့ နည်းပြရာထူးနေရာတွေအတွက် အာဆင်နယ်အသင်းရဲ့အကယ်ဒမီမန်နေဂျာနဲ့ အသင်းဖော်ဟောင်းဖြစ်တဲ့ မာတီဆက်ကာနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။

---

**ဒီလစ် ။** ။ ဂျူဗင်တပ်အသင်းနောက်တန်းကစားသမား ဒီလစ်ဟာ အခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာကြောင့် ဂျူဗင်တပ်အသင်းအနေနဲ့ ဒီလစ်ကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။




ချယ်လ်ဆီးအသင်းကလည်း အသင်းရဲ့ နောက်တန်းကစားသမား နှစ်ဦးဖြစ်တဲ့ ရူဒီဂျာနဲ့ ခရစ်တန်ဆန်တို့ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ဖို့ နယ်သာလန်နောက်ခံလူ ဒီလစ်ကို စတမ်းဖို့ဒ်ဘရစ်ချ် အရောက်ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။




## အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ငြင်းဆိုခံရတဲ့ တွမ်မီဖူရီ

ဗြိတိန်လက်ဝှေ့ကျော် တွမ်မီဖူရီဟာ ဇွန် ၂၉ ရက်မှာ ပြိုင်ဘက်ဖြစ်တဲ့ အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဂျိတ်ပေါလ်နဲ့အတူ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ဖို့စီစဉ်ထားပေမယ့် အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ငြင်းဆိုခံခဲ့ရတယ်လို့ သိရပါတယ်။

ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား တွမ်မီဖူရီဟာ ဩဂုတ် ၆ ရက်မှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ အမေရိကန်နိုင်ငံသား ဂျိတ်ပေါလ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ဖို့ ရောက်ရှိလာခဲ့ပေမယ့် ဟီးသရိုးလေဆိပ်အရောက်မှာ အမေရိကန်အာဏာပိုင်တွေရဲ့ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ငြင်းဆိုခံခဲ့ရတာဖြစ်ပါတယ်။

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်တဲ့ အန်ဒီမာရေး

ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အန်ဒီမာရေးဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်ပွဲစဉ်မှာ အမေရိကန်တင်းနစ်ကစားသမား ဂျွန်အစ္စနာကို ရှုံးနိမ့်ခဲ့တာကြောင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကနေ စောစီးစွာထွက်ခဲ့ရပြီဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အန်ဒီမာရေးဟာ ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ တတိယအဆင့်ကို တက်လှမ်းနိုင်ဖို့ မျှော်လင့်ထားပေမယ့် အမေရိကန်တင်းနစ်ကစားသမား ဂျွန်အစ္စနာကို ၆-၄၊ ၇-၆(၇-၄)၊ ၆-၇(၃-၇)၊ ၆-၄ နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယအဆင့်နဲ့ပဲ ကျေနပ်ခဲ့ရကာ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

အန်ဒီမာရေးဟာ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဆုဖလားကို နှစ်ကြိမ်တိုင်တိုင် ရယူဆွတ်ခူးထားပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ အမြဲတမ်းတတိယအဆင့်အထိ တက်လှမ်းနိုင်ခဲ့သူဖြစ်ပေမယ့် ဒီတစ်ကြိမ်မှာတော့ တတိယအဆင့်ကို မတက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

အန်ဒီမာရေးကို အနိုင်ရရှိခဲ့တဲ့ ဂျွန်အစ္စနာကတော့ နောက်တစ်ဆင့်မှာ အသက် ၂၀ အရွယ်ရှိ အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကနေ ဗြိတိန်တင်းနစ်ကစားသမား အန်ဒီမာရေး ထွက်ခဲ့ရသလို ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူဟာလည်း ဒုတိယအဆင့်ပွဲစဉ်မှာ ပြင်သစ်တင်းနစ်မယ် ကာရိုလိုင်းဂါစီယာကို ရှုံးနိမ့်ခဲ့တာကြောင့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်တယ်လို့ သိရပါတယ်။




ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

“ဟုတ်တယ်၊ ညှော်ကောင်း စောင်ကောင်း ပါလာတယ်”

အလင်းရောင်နှင့် မျက်စိတို့ ကျင့်သားမရသေးသဖြင့် ကိုမောင်မောင်ဦး၏ မျက်စိမှာ ပြာဝေနေသည်။ အလင်းရောင်ကို လက်နှင့်ကာလိုက်ရသည်။

“ကဲ ကြွ၊ ကိုယ်တော်”

အမျိုးသမီးက ကိုမောင်မောင်ဦးကို လှမ်းပြောရင်း အိမ်ပေါ်သို့တက်သည်။ ကိုမောင်မောင်ဦးမှာ ခြေလှမ်းတုံ့နေသည်။ ရုတ်တရက် အိမ်အတွင်းမဝင်ဖြစ်သေး။

“လာပါ၊ အိမ်ထဲဝင်ပါ”

တံခါးဖွင့်ပေးသူကပါ လှမ်းခေါ်သည်။ သည်တွင် ကိုမောင်မောင်ဦး အိမ်အတွင်းဝင်သည်။ သူ အတွင်းသို့ဝင်လျှင် ဝင်မိချင်း တံခါးပိတ်လိုက်သည်။

အိမ်မှာ တစ်ထပ်ပျဉ်ထောင်အိမ်ဖြစ်သည်။ သုံးပင်နှစ်ခန်းဖြစ်သည်။ သစ်လွင်သော်လည်း အဖိုးများစွာတန်မည်မထင်ရသော ပရိဘောဂများရှိသည်။ အခန်းနံရံ၌ ရုပ်ရှင်ပိုစတာများ၊ ရုပ်ရှင်မင်းသားမင်းသမီးဓာတ်ပုံများ ဖြစ်ကတတ်ဆန်း ချိတ်ထားသည်။ အဝတ်အဟောင်းအနွမ်းများကို နေရာတကာမှာတွေ့ရသည်။

မိုးရေစိုထားသောအဝတ်မှ ရေစက်များ ကြမ်းပြင်ပေါ်သို့ကျနေသည့်အတွက် ကိုမောင်မောင်ဦး စိတ်အနှောင့်အယှက်ဖြစ်နေသည်။ အားနာနေသည်။ ထို့ကြောင့် သူသည် ရပ်လက်စနေရာမှာပင် ရပ်နေမိလေသည်။

“ကျွန်မတို့အိမ်က မိန်းမချည်းနေတာဆိုတော့ ရှင့်အဖို့ လုံချည်တော့ရနိုင်မယ် မထင်ဘူး။ ထဘီတွေကတော့ တစ်ပုံကြီးပဲ”

မတင်ရွှေဆိုသူက ရယ်ရင်းမောရင်း ဆိုသည်။

တံခါးလာဖွင့်ပေးသော အမျိုးသမီးသည် အိပ်ချင်မူးတူးအမူအရာဖြင့် ကိုမောင်မောင်ဦးရှေ့မှ ဖြတ်လျှောက်သွားသည်။ ကိုမောင်မောင်ဦးအား မကြည့်ဘဲ မီးဖိုခန်းဘက်သို့ ဝင်သွားသည်။

မတင်ရွှေသည် ရေစိုနေသော ဆံပင်ကို ဖြေချလိုက်သည်။ ကိုမောင်မောင်ဦးထံ လျှောက်လာသည်။

“ရှင် စိတ်ဓာတ်ကျမသွားဘူးလား”

“ဘာကိုလဲ”

“သြော်၊ လဲစရာလုံချည်မရှိဘူးဆိုလို့လေ”

“ကိစ္စမရှိပါဘူး၊ ရေစိုနဲ့ပဲ နေလိုက်ရုံပေါ့”

“အလကား နောက်တာပါရှင်။ ကျွန်မတို့က ညှော်သည်တွေအပေါ် ညှော်ဝတ်ကျေတတ်ပါတယ်။ လုံချည် အင်္ကျီလည်း ရှိပါတယ်။ ထောင်ကျနေတဲ့ ကျွန်မယောက်ျားရဲ့ အဝတ်အစားတွေပေါ့။ ရှင်နဲ့ တော်ပါလိမ့်မယ်”

ကိုမောင်မောင်ဦး တိတ်တခိုး သက်ပြင်းရှိုက်လိုက်သည်။

များမကြာမီ သူ့အတွက် လုံချည်ကြမ်းတစ်ထည်နှင့်အင်္ကျီ ရောက်လာသည်။ အဝတ်စိုများကို အဝတ်ခြောက်နှင့် လဲလှယ်ဝတ်ဆင်ရသည်။ ချောင်းဆိုးချင်စိတ်သည် ရင်ထဲမှာ တလိပ်လိပ် ပေါ်လာပြန်လေသည်။ အသက်ရှူ၍ မဝချင်လောက်အောင် ဖြစ်လာသည်။

သူသည် ညှော်ခန်းရှိကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ နံရံမှ ရုပ်ရှင်ကြော်ငြာများကို ကြည့်နေသည်။ မတင်ရွှေ သူ့ရှေ့ကုလားထိုင်၌ လာထိုင်သည်။ သူသည်လည်း အဝတ်များကို ပြောင်းလဲဝတ်ဆင်ပြီး ဖြစ်နေသည်။ ဘလောက်စ်ကို အခုအခံမပါဘဲ ဝတ်ထားသည်။ လုံချည်မှာ လျော့ရဲသော ပိုးဆန်ဆန်အသားမျိုးဖြစ်သည်။ သူသည် မျက်နှာသုတ်ပဝါဖြင့် ဆံပင်ကိုပွတ်တိုက်နေသည်။

တံခါးလာဖွင့်ပေးသော အမျိုးသမီး မီးဖိုခန်းမှ ပြန်ဝင်လာသည်။

“အန္တိ့ရေ ညှော်သည်အတွက် ဆေးလိပ်ကလေးဘာလေး တည်ပါလားကွယ်”

မတင်ရွှေက လှမ်းပြောသည်။ အန္တိ့ဆိုသူသည် အိပ်ခန်းအတွင်း ဝင်သွားသည်။ အိမ်တွင် ၎င်းတို့နှစ်ယောက်တည်းရှိပုံရသည်။ အန္တိ့ဆိုသူမှာ မတင်ရွှေနှင့် အသက်ချင်းမတိမ်းမယိမ်းလောက်ပင်။ သူသည် အနွေးထည်ဝတ်ထားသည်။ ဆံပင်တို့က မျက်နှာပေါ်သို့ ဖရိုဖရဲကျရောက်နေသည်ဖြစ်ရာ မျက်နှာကို ကောင်းစွာမမြင်သာခဲ့။

“ကိုယ် ဆေးလိပ်မသောက်ဘူး”

ကိုမောင်မောင်ဦးဆိုသည်။

“ဟုတ်လား။ ကိစ္စမရှိပါဘူး။ ကျွန်မသောက်မှာပေါ့”

အန္တိ့သည် စီးကရက်ဘူး၊ မီးခြစ်တို့ဖြင့် အိပ်ခန်းထဲမှ ထွက်လာသည်။ စားပွဲပေါ်သို့ ချပေးသည်။

“အိပ်ချင်လိုက်တာ။ အိပ်တော့မယ်”

ပြောပြောဆိုဆိုမှာပင် ကျောခိုင်းကာ အိပ်ခန်းဆီသို့ လျှောက်သွားသည်။

မတင်ရွှေ စီးကရက်သောက်သည်။ သူသည် ခြေတစ်ချောင်းပေါ်သို့ တစ်ချောင်းကို ချိတ်တင်လိုက်သည်။ စီးကရက်ကို လက်ကြားမှာ ဟန်ပါပါ ညှပ်ထားသည်။ ကိုမောင်မောင်ဦးထံ စီးကရက်မီးခိုးများမှုတ်ထုတ်ကာ မီးခိုးငွေ့အကြားမှ လှမ်းကြည့်နေသည်။

“တစ်ခုပြောရဦးမယ်”

ကိုမောင်မောင်ဦးသည် စီးကရက်ငွေ့များကို လက်နှင့်ပုတ်ပစ်ရင်း ဆိုသည်။

“တစ်ခုပဲပြောရမယ်နော်”

အမျိုးသမီးက ရယ်နေသည်။

“တကယ်ပြောတာပါ။ ကိုယ်မင်းအိမ်ကို လိုက်လာတာ ညအိပ်ရုံသက်သက်ပဲ”

“ ဒါတော့ အသိသားပေါ့”

“နားထောင်ပါဦး။ အိပ်မှာက တစ်ယောက်တည်း အိပ်မှာကို ပြောတာ”

“ဘာ။ ဘယ်လို”

“ကိုယ့်မှာ တခြားအကြံအစည်ဘာမှ မရှိဘူး။ မင်းဆီက ဘာမှမလိုချင်ဘူး။ ညတစ်ညအတွက် ကျောတစ်နေရာစာပဲ လိုချင်တယ်။ ကိုယ်က ဒီမြို့မှာ ညှော်သည်ပါ။ သွားစရာလည်းမရှိ။ အိပ်စရာလည်း မရှိဘူး။ တကယ်လို့ မင်းနဲ့သာမတွေ့ရင် စောစောကဆင်ဝင်အောက်မှာ တစ်ညလုံးရပ်နေရမှာ”

မတင်ရွှေသည် ကိုမောင်မောင်ဦးကို ထူးခြားဆန်းကြယ်သော သတ္တဝါတစ်ကောင်နှယ် ကြည့်လာသည်။ မယုံကြည်သောအသွင်အပြင်များ သူ၏မျက်နှာ၌ ပေါ်လွင်နေသည်။

“ဘယ်လိုပဲဖြစ်ဖြစ် ရှင့်အတွက် ကျောတစ်နေရာစာတော့ရမှာပါ”

“ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုယ်က အနှောင့်အယှက်ကင်းကင်းနဲ့ အိပ်ချင်တယ်။ ကိုယ့်မှာ အိပ်မပျော်ခဲ့တဲ့ရက်တွေတစ်ပုံကြီးရှိတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ချင်တယ်”

မတင်ရွှေသည် စိတ်ပျက်လက်ပျက် ဖြစ်သွားရသလိုရှိသည်။

“ဒီညကတော့ တကယ့်ကို ကံဆိုးတဲ့ ညပဲထင်ပါရဲ့။ ကြည့်ပါဦးရှင်၊ မိုးကလည်းအေးလိုက်တာ။ ကျွန်မတို့အိမ်မှာ စောင်တွေဘာတွေလည်း လုံလုံလောက်လောက်မရှိ”

“ကိုယ့်အနေနဲ့ စောင်မခြုံဘဲလည်း အိပ်လို့ရပါတယ်”

“ကျွန်မအနေနဲ့ပြောတာပါ”

မတင်ရွှေ၏အဖြစ်ကိုကြည့်ကာ ရယ်ရမလို၊ ငိုရမလို မစဉ်းစားတတ်အောင် ဖြစ်ရသည်။

“ထားပါတော့လေ။ ရှင့်သဘောပဲ။ လာပြီး တွေ့မယ့်တွေ့တော့လည်း ဘုန်းကြီးလူထွက်နဲ့မှ လာတွေ့နေတာကိုး”

“တစ်ခုရှိသေးတယ်”

“လာပြန်ပြီလားတစ်ခု”

“ဖြစ်နိုင်မယ်ဆိုရင် အရက်နည်းနည်းပါးပါးလောက်သောက်ချင်တယ်”

“အရက်”

“ဟုတ်တယ်”

“ရှိဦးမလားမသိဘူး။ နေဦး ကျွန်မမေးကြည့်ဦးမယ်” ဆိုကာ အိပ်ခန်းဘက်သို့ လှည့်လိုက်သည်။

“အန္တိ့ရေ၊ အန္တိ့” ခေါ်သည်။

အတွင်းမှ “ဟင်” ဟု မထူးချင်ထူးချင်ထူးသည်။

“လက်ကျန်ကလေးများ ရှိသေးသလားဟင်”

“ဘာလုပ်ဖို့လဲ”

“ဘာလုပ်ရမှာလဲ။ ဘယ်သူ့အရက်ကို သွန်ပစ်မှာလဲ”

အန္တိ့သည် ညည်းညည်းညူညူဖြင့် အိပ်ရာမှ ထလာရပြန်သည်။

“ဒီညတော့ အိပ်ရတော့မယ်မထင်ဘူး။ စိတ်ညစ်လိုက်တာ”

“အိပ်ချင်တဲ့လူတွေချည်းပါပဲလား။ အကုန်လုံး ကာလနဂါးနဲ့ ဆွေမျိုးတော်တယ်ထင်တယ်”

အန္တိ့သည် မီးဖိုခန်းသို့ ဝင်ပြန်သည်။ ပုလင်း ဖန်ခွက်တို့နှင့်အတူ ပြန်ထွက်လာသည်။

“တစ်ခါတည်း ပြောထားမယ်။ နောက်တစ်ကြိမ်နှိုးရင် နှိုးတဲ့လူတော့ တေတေးပဲဟော့”

အရက်မှာ ချက်အရက်ဖြစ်ပုံရသည်။

အန္တိ့သည် စားပွဲပေါ်သို့ အရက်ပုလင်းနှင့် ဖန်ခွက်ချပေးသည်။ သူသည် ပထမဆုံးအကြိမ်အဖြစ် ကိုမောင်မောင်ဦး၏ မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ သည်တွင် သူ့အား အကဲခတ်သလိုကြည့်နေသော ကိုမောင်မောင်ဦးနှင့် မျက်နှာချင်းဆိုင်မိကြသည်။

အန္တိ့သည် မီးရောင်ဘက်သို့ ကျောပေးထားသည်။ သူ၏မျက်နှာမှာ အမှောင်ရိပ် လွှမ်းနေသည်။ ကိုမောင်မောင်ဦးအနေနှင့် သူ၏မျက်နှာကို သဲကွဲစွာ မမြင်သာ။ သေချာစွာမတွေ့ရ၊ အန္တိ့အနေနှင့်ကမူ ကိုမောင်မောင်ဦး၏ မျက်နှာကို သဲကွဲသေချာစွာ မြင်လိုက်ရပုံပေါ်သည်။

အဘယ်ကြောင့်ဟူ၍တော့ မသိ။ အန္တိ့သည် အကြည့်ကို ကိုမောင်မောင်ဦး၏ မျက်နှာမှ ရုတ်တရက် လွှဲဖယ်၍မသွား။ ကြာမြင့်စွာ စိုက်ကြည့်နေသည်။ သူ၏ ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားသည်ကိုလည်း မြင်ရသည်။ သူ့တွင် အိပ်ချင်မူးတူးရှိရမှုများ လွင့်ပျောက်သွားကာ လုံးဝဥဿုံ အိပ်ရာမှ နိုးလာရပုံပေါ်သည်။

ကိုမောင်မောင်ဦး မျက်လွှာချကာ အရက်ခွက်ကို စိုက်ကြည့်နေလိုက်သည်။ အန္တိ့သည် ကိုယ်ကို မတ်မတ်ထားလိုက်သည်။ ကျောကို အခန်းနံရံနှင့် ကပ်လိုက်သည်။

သူ့ထံမှ ထစ်ငေ့ါသော၊ တုန်လှုပ်ချောက်ချားဟန်ပါသော အသံတစ်သံ ပါလာသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

“အိမ်မှာ တစ်ထပ်ပျဉ်ထောင်အိမ်ဖြစ်သည်။ သုံးပင်နှစ်ခန်းဖြစ်သည်။ သစ်လွင်သော်လည်း အဖိုးများစွာတန်မည်မထင်ရသော ပရိဘောဂများရှိသည်။ အခန်းနံရံ၌ ရုပ်ရှင်ပိုစတာများ၊ ရုပ်ရှင်မင်းသားမင်းသမီးဓာတ်ပုံများ ဖြစ်ကတတ်ဆန်း ချိတ်ထားသည်။ အဝတ်အဟောင်းအနွမ်းများကို နေရာတကာမှာတွေ့ရသည်။ မိုးရေစိုထားသောအဝတ်မှ ရေစက်များ ကြမ်းပြင်ပေါ်သို့ကျနေသည့်အတွက် ကိုမောင်မောင်ဦး စိတ်အနှောင့်အယှက်ဖြစ်နေသည်။ အားနာနေသည်။ ထို့ကြောင့် သူသည် ရပ်လက်စနေရာမှာပင် . . .”

# ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဇွန် ၃၀**

မြန်မာ ယူ-၁၉ အမျိုးသားလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် ၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဇွန် ၂၉ ရက် ည ၁၁ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

**လိုက်ပါသွား**

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ-** ဦးရဲဝင်းအောင်၊ **နည်းပြချုပ်-** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ-**ဦးမင်းမင်းထွန်း၊ ဦးစထက်နိုင်ဝင်း၊ **ဂိုးနည်းပြ-**ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား-** ဟိန်းထက်စိုး၊ ထက်အာကာဝင်း၊ စိုင်းစွမ်တွန်းခေး၊ **နောက်တန်း-** လင်းလင်းထွန်း၊ လန်းဆန်းအောင်၊ ထွန်းထွန်းသိန်း၊ မျိုးမင်းဟိန်း၊ ကျော်ဝဏ္ဏ၊ ခန့်ဇင်ဟိန်း၊ ခွန်အောင်စိုး၊ **အလယ်တန်း-** ဟိန်းဇော်နိုင်၊ ချစ်အေး၊ သာယာဝင်းထက်၊ မိုးဆွေ၊ ရဲကောင်းဆက်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ အာကာကျော်၊ သူရအောင်၊ ဖြိုးသန့်ကိုကို၊ စိုးမြတ်မင်း၊ ရဲရင့်ဖြိုး၊ **ရှေ့တန်း-** စွမ်းထက်၊ ထက်မြတ်လွင်၊ သိန်းဇော်သီဟနှင့် လမင်းထွေးတို့ လိုက်ပါသွားသည်။

၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ဘရူနိုင်း၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့်အတူ ကျရောက်နေကာ အုပ်စု(ခ)တွင် မလေးရှား၊ လာအို၊ တီမော၊ ကမ္ဘောဒီးယား၊ စင်ကာပူတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂ ရက်တွင် ဘရူနိုင်း၊ ဇူလိုင် ၄ ရက်တွင် ထိုင်း၊ ဇူလိုင် ၆ ရက်တွင် ဖိလစ်ပိုင်၊ ဇူလိုင် ၈ ရက်တွင် ဗီယက်နမ်၊ ဇူလိုင် ၁၀ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂-၇-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၂၇)တွင် သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားကာ ကျွေးမွေးစောင့်ရှောက်ပါက မိမိအပေါ်တွင်လည်း ပြန်လည်ကောင်းမွန်နိုင်ကြောင်းကို တင်ဆက်ထားသည့် "ထာဝရမိတ်ဆွေ" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများအနေဖြင့် ရေကို ကျန်းမာရေးနှင့် ညီညွတ်စွာသောက်သုံးပုံများနှင့် ရေသောက်သုံးခြင်းဖြင့် ရရှိလာမည့်အကျိုးတရားများ၊ ရေလှူခြင်းဖြင့် ရရှိလာမည့်အကျိုးတရားများအကြောင်းကို ရေးဖွဲ့ထားသည့် "ရေ၏တန်ဖိုးနှင့် အကျိုးဆယ်ပါး" သုတဆောင်းပါး၊ မိုးရာသီတွင် သီးနှံများစိုက်ပျိုးဖြစ်ထွန်းပုံကို တင်ဆက်ထားသည့် "ရာဇာခရမ်း-မိုးနှင့်အတူ" နှစ်မျက်နှာကာတွန်း၊ ရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ရွာသူရွာသားများ၏ဒုက္ခကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သော မဥသြလေး အကြောင်းကို အတုယူဖွယ်ရေးဖွဲ့ထားသည့် "ရပ်ရွာအတွက်စွန့်စားသူ" ပုံပြင်၊ အအိပ်မက်သော ဖိုးထူးအကြောင်းကို တင်ဆက်ထားသည့် "ဖိုးထူး" တစ်မျက်နှာကာတွန်း၊ မိမိ၏ မစဉ်းစားမဆင်ခြင် ပြောမိ၊ လုပ်ကိုင်မိသော အပြုအမူများကြောင့် ဒုက္ခနှင့်ကြုံတွေ့ရပုံကို ရေးဖွဲ့ထားသည့် "စကားဟူသည်" ဝတ္ထု၊ မိမိ၏ကြွယ်ဝချမ်းသာမှုကို မြှောက်ပင့်ပြောဆိုသည်ကို ကျေနပ်နှစ်သက်သောသူဌေးကြီးနှင့် သူတစ်ပါးကို အကြောင်းအကျိုးမရှိဘဲ မြှောက်ပင့်စကားမဆိုတတ်သော လူငယ်လေး အကြောင်းကို တင်ဆက်ထားသည့် "ကောက်ပင်ရိတ်လှီး" နှစ်မျက်နှာကာတွန်း၊ စကားပြောဆိုရာ၌ အစပထမတွင် ဟုတ်တိပတ်တိရှိသော်လည်း နောက်ပိုင်းတွင် အဖျားရှူးသွားသည့် ဘုန်းကြီးဦးမေခကို သင်္ဂဇာဆရာတော်က ဥပမာပေးပြောဆိုသည်ကို သရုပ်ဖော်တင်ဆက်ထားသည့် ကာတွန်းလွမ်းမောင် (သုဝဏ္ဏ)၏ "အဖျားရှူးမသွားနဲ့ဦး" နှစ်မျက်နှာကာတွန်း၊ Adjective (နာမဝိသေသန) များ၏ အသုံးအနှုန်းနှင့် ဝါကျများတွင် Adjective များ ထည့်သွင်းအသုံးပြုပုံအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် ရွှေသွေး




အင်္ဂလိပ်သဒ္ဒါ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ရတနာပုံအသင်း အနိုင်ရ

**ရန်ကုန် ဇွန် ၃၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) လက်ကျန်ပွဲများကို ဇွန်(၂၉၊ ၃၀) ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံနှင့် ရတနာပုံအသင်း အနိုင်ရရှိခဲ့သည်။

ဇွန် ၂၉ ရက်က ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အား/ကာသိပ္ပံအသင်းသည် ရာသီအစ အဖွင့်ပွဲမှာပင် နိုင်ပွဲရယူနိုင်ခဲ့သည်။ ဦးချစ်နိုင်ကိုင်တွယ်လာသည့် အား/ကာသိပ္ပံအသင်းသည် နောက်ကလိုက်ကစားခဲ့ရသော်လည်း အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။ ရခိုင်အသင်းသည် နိုင်ငံခြားသားကစားသမား ခေါ်ယူထားသော်လည်း ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ အဖွင့်ပွဲမှာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၃၀ ရက်က ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက GFA အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် တန်းတက် GFA အသင်းကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သဖြင့် ပွဲစဉ်(၁)အပြီးတွင် ဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ရတနာပုံအသင်းတွင် သက်နိုင်၊ မျိုးကိုထွန်း၊ ဇော်ရဲထွန်း၊ အောင်ဝဏ္ဏစိုး၊ ဘီဘီတို့ဖြင့် ပွဲထွက်ခဲ့ပြီး GFA အသင်းတွင်လည်း ရွှေဝင်းထွန်း၊ မောင်မောင်စိုးစသည့် ကစားသမားများ ပါဝင်ခဲ့သည်။ ရတနာပုံအသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ရာသီသစ် စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို(၁၄၊ ၃၆) မိနစ်တွင် ရဲရင့်အောင်၊ ၂၄ မိနစ်တွင် မျိုးကိုထွန်း၊ ၅၄ မိနစ်တွင် သက်နိုင်၊ ၅၆ မိနစ်တွင် သိုင်းဘွဲ့အောင်၊ ၆၄ မိနစ်တွင် ဘီဘီ၊ ၈၉ မိနစ်တွင် ဟိန်းနေဆန်းတို့က သွင်းယူခဲ့သည်။

**ကိုညီလေး**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## စာမေးပွဲဖြေဆိုမည့်ရက်သတ်မှတ်ခြင်း

ကြော်ငြာစာအမှတ်(၂/၂၀၂၂)
၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

၁။ ၁၀-၆-၂၀၂၂ ရက်နေ့တွင် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)/ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး နေရာများတွင် ဖြည့်စွက်ခန့်ထားရန်အတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

| ရက်စွဲ | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၇-၇-၂၀၂၂(တနင်္ဂနွေနေ့) | မြန်မာစာ | ၀၉:၀၀ နာရီမှ ၁၀:၀၀ နာရီထိ |
| ၁၇-၇-၂၀၂၂(တနင်္ဂနွေနေ့) | အင်္ဂလိပ်စာ | ၁၀:၀၀ နာရီမှ ၁၁:၀၀ နာရီထိ |
| ၁၇-၇-၂၀၂၂(တနင်္ဂနွေနေ့) | အထွေထွေဗဟုသုတ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ |

၂။ ဖြေဆိုခွင့်ရသည့် ခုံအမှတ်နှင့် စာဖြေဌာနကို လျှောက်လွှာတင်သွင်းခဲ့သော နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖြေဆိုခွင့်ကတ်များကို ဇူလိုင်လ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ စာဖြေဌာန(၃)ခုအနက် မိမိဖြေဆိုရမည့် စာဖြေဌာနများတည်ရှိရာ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၌ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း) (သို့) ယာယီဘွဲ့ထောက်ခံစာ(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ် (မူရင်း) (သို့) သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ(မူရင်း)များကို ပြသ၍ ဓါတ်ပုံ (၁)ပုံနှင့်အတူ သွားရောက်ထုတ်ယူရန် ဖြစ်ပါသည်-

(က) **မန္တလေးစာဖြေဌာန(မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
ကချင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး(မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရ၊ ပြင်ဦးလွင်၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ တံတားဦး၊ မြင်းခြံ၊ ညောင်ဦးခရိုင်များ)၊ ရှမ်း(တောင်၊ မြောက်)

(ခ) **ရန်ကုန်စာဖြေဌာန(ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
ကရင်၊ တနင်္သာရီ၊ ပဲခူး(ပဲခူး၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ်တလင်းခရိုင်များ)၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ

(ဂ) **နေပြည်တော်စာဖြေဌာန(နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
ကယား၊ ပဲခူး(တောင်ငူခရိုင်)၊ မကွေး၊ မန္တလေး(ရမည်းသင်း၊ မိတ္ထီလာခရိုင်များ)၊ ရှမ်း(အရှေ့)၊ နေပြည်တော်၊ ရုံးချုပ်

၃။ အသေးစိတ်ကို သိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၀)၊ ဖုန်း ၀၆၇-၃၄၁၂၇၉၁၊ မန္တလေးစာဖြေဌာန ဖုန်း ၀၂-၄၀၁၃၉၀၈၁၊ ၀၂-၄၀၂၄၉၈၂၊ ရန်ကုန်စာဖြေဌာန ဖုန်း ၀၁-၈၃၁၇၅၃၆၊ ၀၁-၈၃၀၂၁၇၉နှင့် နေပြည်တော်စာဖြေဌာန ဖုန်း ၀၆၇-၅၅၀၁၃၅၊ ၀၆၇-၅၅၀၂၀၆ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၄/က-၅)၊ အမှတ်(၂)ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်း၊ အမှတ်(၄၀)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ဒုတိယထပ်(၄လွှာ) ခေါင်းရင်းခန်းနှင့် ခြေရင်းခန်း၊ အကျယ်အဝန်း(အလျား ၄၆ ပေ x အနံ ၇၀ ပေ)(၂ခန်းတွဲ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းမြင့် (၉/မလန(နိုင်)၀၂၂၂၈၈)(ဘ)ဦးထွန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီရွှေ(၁၂/လမန(နိုင်)၀၄၅၆၀၂)(ဘ)ဦးရွှေခွန်းက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီရွှေ(၁၂/လမန(နိုင်)၀၄၅၆၀၂)(ဘ)ဦးရွှေခွန်းထံ တိုက်ရိုက်သော်လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင်**
**LL.B,DBL,DIL,DML**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁၈/၁၅.၆.၂၀၁၇)**
**၁၅၃၊ ၃၂-လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့**
**Ph:09-5030919**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၊ ကညင်ချောင်းကျေးရွာ၊ ကွင်းအမှတ် (၉၄၉)၊ ကျူတောကွင်း၊ မြေကွက်အမှတ် (၂၉/ဃ) ဥယျာဉ်ခြံမြေ အမျိုးအစား ဧရိယာ (၀.၆၇)ဧကဟု ခေါ်တွင်သည့် ဥယျာဉ်ခြံမြေအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်ခင်မို့မို့လှိုင် [၁၀/ပမန(နိုင်)၁၃၇၃၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးရန်အောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၉၉၉)**
**အမှတ်(၂၄/အေ)၊ (၃)၊ ရန်ပြေ (၁၃)လမ်း၊ ရန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၁၈၁-ဘီ)၊ မြေပေါ်တွင် ဆောက်လုပ်ထားသော (၆)လွှာ၊ (အလျား ၂၁ ပေ)x (အနံ ၅၄ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဒေါ်အေးအေး [၁၂/ဥကတ(နိုင်) ၀၀၉၄၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယောမယ်ရီ (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၄၄)**
**ဖုန်း ၀၉-၄၂၁၀၂၉၀၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၁၉)လမ်း၊ အမှတ်(၄၁၄)ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ ခေါင်းရင်းခန်း၊ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း (၁၇ ပေ x ၅၄ ပေ)ရှိ နေအိမ်တိုက်ခန်းနှင့် ယင်းနေအိမ်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအား လက်ရှိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ဖြူဝင်း [၉/မထလ(နိုင်)၂၁၄၀၁၄]ကိုင်ဆောင်ထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းလွင် [၁၂/သကတ(နိုင်)၁၂၃၀၃၈] ကိုင်ဆောင်ထားသူက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၃၅၆၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

ဖြူးမြို့၊ အုတ်ဖြတ်လမ်း၊ အုတ်ဖြတ်ရပ်ကွက်နေ ဦးမျိုးဇော်အောင် [၇/ဖမန(နိုင်)၀၀၃၅၁၈]၊ ဒေါ်ဝင်းမြင့်ငွေး [၉/ရမသ(နိုင်)၀၈၈၄၄၂]၊ ဦးထူးဝေဦး [၇/ဖမန(နိုင်)၂၁၅၅၁၃]တို့မှ ဖြူးမြို့၊ အုတ်ဖြတ်ရပ်ကွက်၊ အကွက်အမှတ် (၃-က)၊ ထန်းကုန်းရပ်ကွင်း၊ ဦးပိုင်အမှတ် (၃၄-ဃ)၊ ဧရိယာ ၀ ဒသမ ၁၅၆ဧကရှိ အရှေ့-ဦးပိုင်အမှတ်(၃၅)၊ အနောက်-ဦးပိုင်အမှတ်(၃၁၊ ၃၂၊ ၃၃)၊ တောင်-အုတ်ဖြတ်လမ်း၊ မြောက်-ဦးပိုင်အမှတ်(၃၄-င) အလားလေးရပ်အတွင်းရှိ ဦးအောင်သာ အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဦးမျိုးဇော်အောင်၊ ဒေါ်ဝင်းမြင့်ငွေး၊ ဦးထူးဝေဦးအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၁၇-၇-၂၀၂၂ ရက်မတိုင်မီ ဖြူးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ဖြူးမြို့**

## စာအုပ်စာပေ လှူ့မိတ်ဆွေ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေတိုက်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၄၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။ ရွေးချယ်ခြင်းခံရသူများသည် ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ပညာအရည်အချင်းသတ်မှတ်ချက်မှာ-

(၁) စီးပွားရေးတက္ကသိုလ်များမှ ရရှိသည့်ဘွဲ့များ
B.Com, B.Act, B.B.A, B.Econ (Eco), B.P.A, B.Dev.S, B.Econ (Stats)

(၂) ကွန်ပျူတာတက္ကသိုလ်များမှ ရရှိသည့်ဘွဲ့များ
B.C.Sc, B.C.Tech

(၃) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်မှ ရရှိသည့်ဘွဲ့များ
B.BSc (Social Enterprises Management), B.BSc (Regional Development), B.BSc (Accounting & Finance), B.BSc (Marketing Management), B.BSc (Applied Statistics)

(၄) အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ရရှိသည့်ဘွဲ့များ
BBM, BA (EPP)

(၅) လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) ရရှိပြီးသူများ

(ဂ) ၁-၇-၂၀၂၂ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်စေရ။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အထက်ပါဘွဲ့များအပြင် B.A (Eco)/ တက္ကသိုလ်တစ်ခုခုမှဘွဲ့နှင့် DA ရရှိပြီး ၁-၇-၂၀၂၂ ရက်နေ့တွင် အသက် (၃၅) နှစ် မကျော်လွန်သူများ လျှောက်ထားနိုင်ပါသည်။

(င) ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်ထားသည့်စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ ရေးဖြေစာမေးပွဲကိုဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေ ဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းအား ထပ်မံဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြေညာပါမည်။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်၊ MD-012683 သို့ ငွေစာရင်းခေါင်းစဉ် ၇။ ဘဏ္ဍာရေး၊ ၁၂။ ငွေတိုက်ဦးစီးဌာန၊ "၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ" ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း" ဟုဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် fax ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၅။ လျှောက်လွှာတွင်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ် (အသက်)

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်နှင့်လိပ်စာ

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ

၆။ လျှောက်လွှာနှင့်အတူ-

(က) ဝင်ကြေးပေးသွင်းချလန်မူရင်း

(ခ) ဘွဲ့လက်မှတ်မိတ္တူ

(ဂ) ရရှိသည့်ဘွဲ့၏ အမှတ်စာရင်းမိတ္တူ

(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ/ အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ ၁-၇-၂၀၂၂ ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တ ထောက်ခံချက်မူရင်း

(ဆ) (၁'' x ၁.၅'') ရောင်စုံဓာတ်ပုံ (၂) ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)

၇။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် ထုတ်ယူနိုင်ပြီး ဤဝန်ကြီးဌာန၏ Website (www.mopf.gov.mm) တွင် download ရယူ၍ လျှောက်ထားနိုင်သည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက် ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်" သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း ငွေတိုက်ဦးစီးဌာနသို့ ၃၁-၈ -၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ နိုင်ငံ့ဝန်ထမ်းများသည် မိမိဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိသည့် လျှောက်လွှာကို ဤဦးစီးဌာနသို့ ၁၅-၉-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူ (၁) စောင်ကို ၃၁-၈-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၁၀။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျမှ ငွေသွင်းသူများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ငွေတိုက်ဦးစီးဌာန၊ စီမံရေးရာဌာနစု ဖုန်းအမှတ် ၀၆၇-၃၄၁၀၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၄-ရပ်ကွက်၊ ၉-မိုင်၊ ပြည်လမ်းနှင့် သီရိလမ်းထောင့်၊ တော်ဝင်သီရိကွန်ဒို၊ အခန်းအမှတ် (B-၆၁၃) ဟုခေါ်တွင်သော (၂၁၀၀ စ/ပေ) ရှိ ကွန်ဒိုတိုက်ခန်းကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချသူ ဦးထွန်းခင် (၁၂/ပဘတ(နိုင်)၀၁၂၂၄၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းကွန်ဒိုတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်သစ်သစ်မြင့်အောင် | ဦးမြတ်သူ |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၂၁၇၈) | (စဉ်-၅၃၁၅၃) |

ရုံး-အမှတ်-၂၂၅ (ပထပ်)၊ ၃၅-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၈၆၉၅၇၅၁၊ ၀၉-၅၀၆၁၆၂၄၊ ၀၉-၇၉၅၃၃၀၇၉၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်-၇၇၄၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဝင်းမြင့် (AE-၀၆၁၈၁၂) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းမြင့် (CHK-၀၈၅၃၁၆) [၈/ခမန(နိုင်)၀၁၄၃၂၂]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ရွှေချမ်း [၁၃/လရန(နိုင်)၁၀၀၇၃၆]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို သဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန်"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘောဇ္ဇာနီးလမ်း၊ အမှတ်-၇၀၄(မြေညီထပ်)နေ ဒေါ်တင်တင်ခိုင် [၁၂/တမန(နိုင်)၀၅၇၂၂၀]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

အထက်အမည်ပါ တိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်တင်ခိုင်မှ ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းသာလျှင် ဖြစ်ပါသဖြင့် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရီရီတင်(စဉ်-၁၉၉၅)** | **ဒေါ်ညိုမာမြင့်(စဉ်-၁၄၈၄၉)** |
| **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်** | **တရားလွှတ်တော်ရှေ့နေ** |

**ရုံး- အမှတ်(၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**

**ဖုန်း- ၀၉-၅၀၁၈၃၄၅**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၉-ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၃၀)နေ ဦးတင်မြင့် [၁၂/သဃက(နိုင်) ၁၈၂၀၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးတင်မြင့်သည် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၅-ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်-၃၀၃/၅၊ အကျယ်အဝန်း (၁၄'x ၁၀၀')ပေရှိ မြေနှင့်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းသူများ ဖြစ်သော (၁) ဦးသက်နိုင် [၁၂/သဃက(နိုင်)၁၀၁၉၁၂]နှင့် (၂) ဒေါ်ချိုချိုနိုင် [၁၂/ဗဟန(နိုင်) ၀၀၈၅၅၈]တို့၏ လွှဲအပ်ညွှန်ကြားခြင်းခံရသူ ဒေါ်ခိုင်ဖြိုးသူဝင်း [၁၂/သဃက(နိုင်) ၁၅၉၇၉၅]၊ အမှတ်-၂၉၃/၄၊ သံသုမာလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေထိုင်သူထံမှ (၁၈-၆-၂၀၂၂)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဇင်မြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၈၁၉ (၂၉-၆-၂၀၁၇)**
**အမှတ်-၁၅၃(B)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph: 09- 782270048, 09- 254950210**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ အကွက်နံပါတ်နှင့်အမည်-၂ အလယ်ပိုင်း၊ ဦးပိုင်အမှတ်-၂၂၉၊ အကျယ်အဝန်း (၇၀'x၂၅')ရှိ နှစ်(၉၀)ဂရန်မြေကွက်သည် သက်ဆိုင်ရာမြေစာရင်းရုံး၌ ဒေါ်စောခင်၊ ဦးထွန်းအေးအမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ အကျယ်အဝန်း (၇၀'x၂၅')ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် ခေါင်းရင်းဘက်အခြမ်း ၇၀' x ၁၂½' မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ကွယ်လွန်သွားသည့်အတွက် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်မြမြအေး [၁၄/ဘကလ(နိုင်)၀၂၀၅၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်(ခ)ဒေါ်မေပြည့်စုံ (LL.B,DBL,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၉၃)**
**အမှတ်-၅၅၊ အခန်း ၁၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၃၄၂၄၊ ၀၉-၇၆၅၀၅၃၄၂၄**

# စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၂၂)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းနှင့် မန်းရေနံမြေဒေသရှိ တာယာပစ္စည်းအဟောင်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်း**

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| ၁။ | တာယာအဟောင်း | ၂၄၇၉ လုံး | ၁၅-၇-၂၀၂၂ | ၁၂:၀၀ | ၁၅-၇-၂၀၂၂ | ၁၃:၀၀ |

**(ခ) မန်းရေနံမြေဒေသ**

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| ၁။ | တာယာအဟောင်း | ၄၇၃၉ လုံး | ၁၅-၇-၂၀၂၂ | ၁၂:၀၀ | ၁၅-၇-၂၀၂၂ | ၁၃:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ၁-၇-၂၀၂၂ ရက်နေ့မှ ၁၄-၇-၂၀၂၂ ရက်နေ့အထိ တစ်စုံလျှင် ကျပ် ၅၀,၀၀၀ (ကျပ်ငါးသောင်းတိတိ)ဖြင့် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန၊ ဖုန်း ၀၆၇-၃၄၁၁၃၄၄၊ ၀၆၇-၃၄၁၁၀၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၂၄၅ ၃/၂)၊ သုနန္ဒာ(၁၀)လမ်း၊ အမှတ်(၂၄၅)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်အမျိုးအစား ဒေါ်အုန်းသန်း [၁၂/ဥကမ(နိုင်)၀၂၇၉၉၀] အမည်ပေါက် အကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ) မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စန်းစံပယ်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစည်သူနှင့် ဒေါ်စောပြည့်သန္တာတို့မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်မာဦး(LL.B)** | **ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၄)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၂၅၉၆၈၆၀၈၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်ရိပ်သာ(၃)လမ်း၊ မြေကွက်အမှတ်(၄၁၂)၊ ဒေါ်ကင်ရွှေ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝါဝါထွန်း[၁၂/ဥကမ(နိုင်)၀၇၆၇၀၉]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး(H.G..P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၅၈) ဟုခေါ်တွင်သည့် (၇)ထပ်တိုက် အဆောက်အဦကြီး၏ စတုတ္ထထပ် (၅ လွှာ)၊ အလျား x အနံ (၁၃ ပေ x ၅၀ ပေ) ယာဘက်ရှိ တိုက်ခန်းနှင့် တိုက်ခန်းရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ လက်ဝယ်ထားရှိသော အခန်းကို ပိုင်ရှင် ဒေါ်ဇင်စပယ်အောင် [၁၂/ဗတထ(နိုင်)၀၀၁၀၂၈] ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူ၍ စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်အတူတကွ ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင် (B.A, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၄၆)**
**အမှတ်(၃၁)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၉၉၆) တွင် နေထိုင်သောဒေါ်နွဲ့ယဉ်ဝင်း [၁၂/ဒဂတ(နိုင်)၀၁၀၉၈၂]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပါသည်-

SILVER MOON
Gas Shop

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အား Silver Moon Gas မီးဖိုနှင့် အပိုပစ္စည်းရောင်းချခြင်းလုပ်ငန်း ဖြည့်တင်းပြီး ရေနံငွေ့ရည်အိုးများ ဖြန့်ဖြူးရောင်းချခြင်း၊ Mixed LPG, Propane, Butane အရောင်းဆိုင်လုပ်ငန်းမှ ပိုင်ဆိုင်သော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ အသုံးပြုခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပ သုံးစွဲသည်ဆိုပါက မည်သည့်တရားရုံးတွင်မဆို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွဲ့ယဉ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေဖြိုးမြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၁၃)**
**တိုက်(၅၃)၊ အခန်း-၀၀၂၊ အင်းဝအိမ်ရာ၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၅၁၅၅၄၄၂**

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

**Vingroup Myanmar Ltd. (the "Company")**

**(Incorporated in the Republic of the Union of Myanmar)**

**(Voluntary Winding-up)**

Calling the Final General Meeting Regarding the Winding-up of Vingroup Myanmar Limited.

Pursuant to section 370 (a,b) of Myanmar Companies Law, the final general meeting of Vingroup Myanmar Limited which is in the course of winding-up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting is held as follows:

Date : 29 July 2022

Time : 10:00 A.M.

Venue : No.(4-B), Hospital Street, Yankin Township, Yangon.

Thida Cho Win

Liquidator

**Vingroup Myanmar Ltd.**

**GreenFeed Vietnam Corporation (Representative Office)**

**(the "Company")**

**(Incorporated in the Republic of the Union of Myanmar)**

**(Voluntary Winding-up)**

Calling the Final General Meeting Regarding the Winding-up of GreenFeed Vietnam Corporation (Representative Office).

Pursuant to section 370 (a,b) of Myanmar Companies Law, the final general meeting of GreenFeed Vietnam Corporation (Representative Office) which is in the course of winding-up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting is held as follows:

Date : 29 July 2022

Time : 10:00 A.M.

Venue : Unit-2, Level-6, Myanmar Centre Tower-1, Kaba Aye Pagoda Road, Bahan T/S, Yangon.

Thida Cho Win

Liquidator

**GreenFeed Vietnam Corporation (Representative Office)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော ဆေးဝါးများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Basic Consumable များ (FDAအသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် | -၁-၇-၂၀၂၂ (သောကြာနေ့) (ရုံးချိန်အတွင်း) |
| | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | -၁၅-၇-၂၀၂၂(သောကြာနေ့) (မွန်းလွဲ ၂:၀၀ နာရီ) |
| ၃။ | စုံစမ်းရန် | -ဆေးရုံအုပ်ကြီးရုံးခန်း(ဘဏ္ဍာရေးဌာန)၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9502 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ပျောက်ဆုံးခြင်း**

ကျွန်တော်သက်ညွန့်ဦး၏သဘောသား စာအုပ်ဖြစ်သော CDC, PP နှင့် All in One စာအုပ်တို့မှာ ဒေါ်ပုံသို့ ထွက်လာရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၇၇ ၈၁၅၉၉၅

## "ကန့်ကွက်နိုင်ပါကြောင်း"

ဒေါ်ဝါဝါရွှေ[၈/ဆဖန(နိုင်)၀၆၁၅၆၅]၊ အမှတ်(၁၂)၊ ရွှေဟသာၤလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိရှိ) သည် Toyota Probox (4J/8684) ယာဉ်အား Yoma ဘဏ်နှင့် ချိတ်ဆက်၍ Hire Purchase (အရစ်ကျဝယ်ယူခြင်းစနစ်ဖြင့်)Farmer Auto Trading Co.,Ltd မှ ဝယ်ယူခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို မပေးသွင်းနိုင်ဘဲ အရစ်ကျဝယ်ယူခြင်းစနစ် စာချုပ်သက်တမ်းမှာ ကျော်လွန်နေပါသဖြင့် ယာဉ်အား Farmer Auto Trading Co.,Ltd သို့ လာရောက်ပေးအပ်ထားရာ ယခုအခါ အဆိုပါယာဉ်အား ရောင်းချမည်ဖြစ်ပါသောကြောင့် စာရင်းရှင်းလင်းရန်အတွက် Toyota Probox (4J/8684)နှင့်ပတ်သက်၍ မည်သူမဆို ယခုကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်စာရင်းရှင်းလင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက အဆိုပါယာဉ်အား Farmer Auto Trading Co.,Ltd မှ ရောင်းချတော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Famer Auto Trading Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း(LL.B,D.B.L,Wipo-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၃၂၇၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ် (၆၃၂/က)၊ ဦးညာဏ်ဝင်း အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ (၁၇x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ကျော်ဦး [၁၄/ဖပန(နိုင်)၁၂၆၃၉၅] မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးကျော်စိန်အောင် [၁၁/မဥန(နိုင်)၀၄၆၁၆၁] မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးကျော်စိန်အောင်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၁၊ မြေကွက်အမှတ်-၂၇၈၃/၂၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုးရန်နိုင်[၁၃/တကန(နိုင်)၁၅၆၁၈၈]ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဖြိုးအောင် [၅/မမန(နိုင်)၀၅၉၉၈၇]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့်အပြင် မြေကွက်အား စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်မေဖြိုးအောင်၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဂရန်အမည်ဖောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဖော်ပြပါကိစ္စရပ်များအား ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမြမြထွေး(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၉၇)**
**အမှတ်-၇၀၈၊ ဣန္ဒာ(၁၁)လမ်း၊ (၌)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-254060150**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၆၊ မြေကွက်အမှတ် ၃၂၅/က၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၃၂၅/က၊ လှိုင်မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဒေါ်မျိုးမျိုးထွန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မျိုးမျိုးထွန်းထံမှ အရပ်ကတိအရောင်းစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးစိန်ကြိုင် [၁၂/အလန(နိုင်) ၀၄၄၅၉၄]မှ ပါမစ်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရာတွင် အထားမှားကာ ပျောက်ဆုံးသွားခဲ့ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ အလူးကျေးရွာအုပ်စု၊ အရှေ့ရွာကြီးနေ ဦးစိုးမြင့်[၁၀/ဘလန(နိုင်)၀၁၂၃၆၇]၊ ဒေါ်သန်းတင်[၁၀/ဘလန(နိုင်)၀၁၂၄၁၆]ကိုင်ဆောင်သူတို့၏သမီးဖြစ်သူ နော်အေးသီတာမြင့်[၁၀/ဘလန(နိုင်)၀၈၇၄၃၈]သည် မိဘတို့၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ၎င်း၏ဆန္ဒအလျောက် မိသားစုခွင့်မလွှတ်နိုင်သည်များကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နော်အေးသီတာမြင့်နှင့် ပတ်သက်သည့် အကြောင်းအရာအားလုံးကို တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်-ဒေါ်သန်းတင်**

## သွေးသည် အသက်

## "အများသိစေရန်ကြေညာခြင်း"

Farmer Auto Trading Co.,Ltd အနေဖြင့် မော်တော်ယာဉ်များကို ဘဏ်များနှင့်ချိတ်ဆက်၍ အရစ်ကျ(အငှားဝယ်စနစ်)ဖြင့် ရောင်းချထားရာတွင် အောက်အမည်ပါပုဂ္ဂိုလ်များမှ အရစ်ကျပေးသွင်းရန်အတွက် ကာလကြာမြင့်စွာ ပျက်ကွက်လျက်ရှိပါသောကြောင့် ယာဉ် အရစ်ကျဝယ်ယူသူများအနေဖြင့်လည်းကောင်း၊ အောက်ဖယားပါ ယာဉ်များအား လက်ဝယ်ရှိသူများအနေဖြင့်လည်းကောင်း၊ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကုမ္ပဏီထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ဖြစ်စေ အရစ်ကျငွေများပေးသွင်းခြင်း (သို့) ယာဉ်များလာရောက်အပ်နှံခြင်းကိစ္စရပ်များအား ပြုလုပ်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ခဲ့ပါက အောက်ဖယားပါအရစ်ကျဝယ်ယူသူများနှင့် ယာဉ်လက်ဝယ်ရှိသူများအား ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်း(သို့) မည်သည့်နေရာတွင်မဆို ယာဉ်ပြန်လည်သိမ်းဆည်းခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

| စဉ် | ယာဉ်အရစ်ကျ ဝယ်ယူသူအမည် | မှတ်ပုံတင်အမှတ် | နေရပ် | ယာဉ် အမျိုးအစား | ယာဉ် နံပါတ် | ဘဏ် |
|---|---|---|---|---|---|---|
| ၁ | ဦးသီဟစိုး | [၁၂/ဒဂရ(နိုင်)၀၀၆၉၈၆] | အမှတ်(၂၄၃)၊ ဦးဥတ္တမလမ်း၊ အမှတ်(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ | Ford | 6H/6786 | MCB |
| ၂ | ဦးရဲနိုင်အောင် | [၁၂/ဒဂရ(နိုင်)၀၁၄၂၀၄] | အမှတ်(၂၄၃/ခ)၊ ဦးဥတ္တမလမ်း၊ အမှတ်(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ | Toyota Hiace | 7N/9238 | MCB |
| ၃ | ဒေါ်အေးအေးမော် | [၁၂/လသန(နိုင်)၀၀၈၁၈၄] | အမှတ်(၇၈၆/ခ)၊ ဗိုလ်အောင်ကျော်လမ်း (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ ရန်ကုန်မြို့။ | Mazda Demio | CC/3835 | MCB |
| ၄ | ဦးဘုန်းမြင့်အောင် | [၁၂/သကတ(နိုင်)၁၃၈၆၃၈] | အမှတ်(၅)၊ အောင်သပြေအနောက်(၁) လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့။ | Nissan Cedric HY 34 | 6C/6413 | MCB |
| ၅ | ဦးဂျေဆိုင်း | [၄/မတပ(နိုင်)၀၂၆၃၇၂] | အမှတ်(၃၅)၊ ခရေလမ်း၊ (၁၃)ရပ်ကွက်၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | Toyota Alphard | 1J/6831 | MCB |
| ၆ | ဦးသန်းထိုက်စိုး | [၁၂/ဥကမ(နိုင်)၀၀၀၂၄၄] | အမှတ်(၆၂၃)၊ မြရတနာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | Toyota Probox | GG/3537 | MCB |
| ၇ | ဦးဘုန်းကျော်ဇော | [၁၂/မရက(နိုင်)၁၂၇၀၅၉] | အမှတ်(၃၂)၊ မမ္ဗဒါနလမ်း၊ မလွကုန်းဌေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Honda CRV | 3J/9545 | MCB |
| ၈ | ဦးကျော်ဇင်ဟန် | [၇/ရတန(နိုင်)၀၄၅၄၇၉] | အမှတ်(၁)၊ တရားရုံးအနောက်လမ်း၊ ဂန့်ဂေါ်ပိုင်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး။ | KIA Bongo III | 9E/8655 | MCB |
| ၉ | ဦးတင့်ဆွေ | [၉/ပမန(နိုင်)၀၇၈၇၀၈] | အမှတ်(၇/၃၄၀)၊ ဥသဖရားလမ်း၊ နယ်မြေ(၈)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။ | Higer Mini Bus | 7M/4635 | Yoma |
| ၁၀ | ဒေါ်သိန်းထွေး | [၇/နတလ(နိုင်)၁၂၈၀၆၅] | အမှတ်(၂၈)၊ ဗိုလ်နေဝင်းလမ်း၊ ဗယ်သွန်ချောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်။ | Suzuki Carry | 1Q/3937 | Yoma |

**Farmer Auto Trading Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း (LL.B, D.B.L, WIPO-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ (ဖုန်း-၀၉- ၄၂၀၀၅၃၂၇၂)**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အိမ်အမှတ်(၁၂၅၆)၊ မြေကွက်အမှတ် (၃၇)၊ ဦးပိုင်အမှတ်(၂၈-ဃ) ဧရိယာ(၀.၀၂၃၂ဧက)နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး၊ မြို့မြေစာရင်းဌာနတွင် ဦးကြည်အမည်ဖြင့်ရှိသော်လည်း ဦးကြည် ကွယ်လွန်သွားသဖြင့် သားဖြစ်သူ ဦးတင်ထွန်းအား အရောင်းအဝယ်စာချုပ်ကို ပဋိညာဉ်အတိုင်း မှတ်ပုံတင်ပေးစေလိုမှုဖြင့် ဒေါ်သန်းမြင့်မှ တရားလိုပြုလုပ်၍ တရားပြိုင် ဦးတင်ထွန်းအား စွဲဆိုထားပြီး(၂၂-၁၀-၂၀၁၅)ရက်တွင် ရန်ကင်းမြို့နယ်ရုံးမှ စီရင်ချက်ချထားပြီး အနိုင်ဒီကရီရရှိထားသော မြေကွက်ဖြစ်သည့် ၎င်းမြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားရှိသူ ဒေါ်သန်းမြင့်[၁၂/ရကန(နိုင်)၀၃၇၂၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကွမ်းမြေ့ [၁၃/လရန(နိုင်)၁၃၂၂၅၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝန်နီလှိုင်**
**LL.B, D.M.L, D.I.L, D.I.R, B.D.S(MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၃၈/၂၄-၁-၂၀၁၃)**
**အမှတ်-၆၁၂၊ ပေါ်တော်မူ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ Ph: 09-422470665, 09-794969226**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒိုမီနီယမ်၊ တိုက်အမှတ် (7+1)D ရှိ (၈)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အဦ၏ အခန်းအမှတ်(၁၀၅)၊ ပထမထပ်၊ အကျယ်အဝန်း(၁၃၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး၊ စုံအပါအဝင်ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့ပြနှင့်အိမ်ရာဦးစီးဌာနရှိ အိမ်ရာဌာနခွဲတွင် ဦးနေဝင်း [၁၂/မဘန(နိုင်)၀၁၃၀၄၆] အမည်ဖြင့် မှတ်သားထားပါသည်။

အဆိုပါ တိုက်ခန်းကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးနေဝင်းသည် မိမိလက်ဝယ်ထားရှိသော တိုက်ခန်းဖြစ်ကြောင်း၊ အရှုပ်အထွေးကင်းရှင်း၍ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူ ဦးနေဝင်းထံ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို ကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက် ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၅၅)၊ တတိယထပ် (၄-လွှာ)၊ အကျယ်အဝန်း (၃၅/၂၆x၅၅/၅၆)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဦးစံဆင့် [၁၁/တကန(နိုင်)၀၀၄၉၆၂]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA,HGP, R.L,DBL, DML,DIL | LL.B,D.B.L(စဉ်-၁၅၉၇၅) | BA, HGP, R.L,DBL, DML,DIL |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၇၉၀၁၂၃၄၈၀ ၀၉-၅၀၅၃၁၀၇

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်မောင်(ကျောက်မဲ)
**မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း (Basketball)**
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင် အောင်မင်္ဂလာလမ်း၊ အမှတ်(၂၇)နေ ဒေါ်ခင်သင်းကြည်၏ခင်ပွန်း မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောကစားသမားဟောင်း ရှမ်းပြည်နယ်ဂုဏ်ဆောင် ဦးစိန်မောင်သည် ၂၇-၆-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။ မြန်မာ့ဘတ်စကက်ဘောလောက တိုးတက်ပြန့်ပွားရေးအတွက် အမြဲအကြံပေးကူညီမှုများအား ထာဝရမှတ်တမ်းတင်ရှိလျက်...

**မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်**

---

## (၁)လပြည့် လွမ်းဆွတ်သတိရတမ်းတခြင်း
(၁-၆-၂၀၂၂) မှ (၁-၇-၂၀၂၂)
## ဒေါ်ယဉ်ယဉ်ဦး
**BA, BE.D, Post Grad. Dip in Global Eng**
**အထက်တန်းပြဆရာမ၊ အထက (၅)၊ မင်္ဂလာဒုံ**

အားကိုးရသော အလွန်တာဝန်ကျေစွာ ပြုစုရစိုက်သွားပြီး ခွဲခွာသွားတာ တစ်လပြည့်မြောက်ပါပြီ။ အချိန်တိုင်း သတိရလွမ်းဆွတ်လျက်ပါ။ ယဉ်လေးကို ရည်စူးပြီး လလည်ဆွမ်းကျွေးပါတယ်။ ပြုပြုသမျှကုသိုလ်အဝဝကိုဖြင့် မြတ်မြတ်သောဘုံဘဝက သာဓုခေါ်ပါနော်။

**ချစ်စွာဖြင့် ဦးလှမောင် (အောင်ချိန်ဘွား)နှင့်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်ယဉ်ဝင်း
**ဌာနခွဲစာရေး**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနစိတ်**
## အသက်(၄၈)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနစိတ်မှ ဒေါ်ယဉ်ယဉ်ဝင်း အသက်(၄၈)နှစ်သည် ၂၉-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## မမျိုးသန္တာနွယ်
အငယ်တန်းအင်ဂျင်နီယာ (၂)
## အသက်(၂၇)နှစ်

မြို့သူကြီးရပ်ကွက်၊ ရွာကြီးလမ်း၊ ရကဆေးတိုက်၊ စစ်တွေမြို့နေ ဦးအောင်စံသာ-ဒေါ်ခင်သန်းနုတို့၏သမီး၊ မအိန္ဒြာသင်း၏အစ်မ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဝန်ဌာန၊ သတင်းအချက် အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ e-Government ဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မျိုးသန္တာနွယ် အသက်(၂၇)နှစ်သည် ၃၀-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၁၉)၊ ပထမထပ်၊ (ခြေရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ခင်ခင်ဦး [၁၂/လသန(နိုင်)၀၀၁၀၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးပိုင်(B.Com,D.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၆/၂၉-၁၁-၂၀၁၆)**
**အမှတ်-၁၇၅၊ (ပထမထပ်)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၁၅၃၆၃၆၊ ၀၉-၇၃၁၅၃၆၃၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၄၀၆/Aခ)၊ ဇေယျာဝတီ (၃)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၂၄၀၆/Aခ)၊ ဧရိယာ (၂၀'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ထဲမှ ခြေရင်းခြမ်း (၁၀'x၆၀') အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျင်မိုန် [၁၂/သကတ(နိုင်)၀၆၉၇၅၄]မှ အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ၎င်းမှအပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝေ (စဉ်-၇၁၂၄)၊ ဒေါ်ဘီဘီသိန်း(ခ) ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၇၅၁၄၄၄၀၁၊ ၀၉- ၇၇၅၁၄၄၄၀၂**

---

## ဆရာဦးကြည်ဝင်း
**ကျောင်းဆရာ(ငြိမ်း)**
**Founder မြင်းကကုန်းအသင်း(ရန်ကုန်)**
## အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၃၃၇)၊ (၃-B)နေ (ဦးသန်းဝင်း)-ဒေါ်ဝင်းကြည်၊ ဦးညွန့်လွင်-ဒေါ်ဆွေဆွေဝင်း၊ ဦးသက်နိုင်ဝင်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်စန္ဒာလေးတို့၏မွေးသဖခင်၊ မခင်ထူးပိုင်၊ မောင်ချမ်းမင်းကို- မဆူးဝတ်ရည်၊ မသန့်ကြယ်စင်တို့၏ချစ်လှစွာသောအဘိုး၊ ဆရာမ(ဒေါ်လှကြည်)၏ခင်ပွန်း ဆရာ(ဦးကြည်ဝင်း)သည် ၃၀-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၂ (စနေနေ့)တွင် နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား ကျန်ရစ်သူမိသားစုမှ ညိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရန်လင်း(B.Sc Zoo)
**စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန(ဒု-ဦးစီးမှူး)**
## အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းလှရွှေတောင်လမ်း၊ အမှတ် (၈၄၀)နေ ဦးပြေသိန်း-ဒေါ်တင်တင်အုန်းတို့၏သားကြီး၊ (ဦးဇော်ဝင်း)-ဒေါ်တင်တင်ရီတို့၏သားသမက်၊ ဒေါ်ဇာခြည်လင်း၏ချစ်လှစွာသောခင်ပွန်း ဦးရန်လင်းသည် ၃၀-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃:၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့်ဇော်
**မြို့နယ်လျှပ်စစ်မန်နေဂျာ**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာရုံး**
## အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ ဦးထွန်းအောင်-(ဒေါ်ငွေတင်)တို့၏သား၊ ပုသိမ်မြို့နေ ဦးသောင်းထွန်း-(ဒေါ်ကျင်သီ)တို့၏သားသမက်၊ ဒေါ်မေမြင့်ရီ၊ ဒေါ်နွယ်နွယ်ဝင်းတို့၏မောင်၊ ဦးခင်မောင်ထွန်း၊ ဒေါ်ခင်မာထွန်၊ ဒေါ်တင့်တင့်ခိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရန်းကုန်းမြို့နယ်၊ စိန်ပန်းမြိုင်လျှပ်စစ်ဝင်း၊ တိုက်(၁)၊ အခန်း (၂)နေ ဒေါ်ဖြူဖြူထွန်း၏ခင်ပွန်း၊ မနှင်းသဥ္ဇာဇော်၊ မခင်ချော၊ မောင်အောင်ရှင်းပိုင်တို့၏မွေးသဖခင် ဦးဝင်းမြင့်ဇော်သည် ၂၉-၆-၂၀၂၂ ရက် ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့်ဇော်
**မြို့နယ်လျှပ်စစ်မန်နေဂျာ**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်လျှပ်စစ်မန်နေဂျာရုံး**
## အသက်(၅၆)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းမြင့်ဇော် အသက်(၅၆)နှစ်သည် ၂၉-၆-၂၀၂၂ ရက် ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ်(၁၅၁၀) မြေချပါမစ်အမည်ပေါက် ဦးစိုးမြင့်(TSN-101476)၏ မြေဧရိယာ ပေ(၄၀x၆၀)အနက်မှ ခေါင်းရင်းခြမ်း ပေ(၂၀x၆၀)မြေပေါ်ရှိ အိမ်နှင့်ခြံအား ဒေါ်သူဇာအေး[၁၂/ဥကတ(နိုင်)၀၃၂၄၁၄]ကိုင်ဆောင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဦး[၁၂/ဥကမ(နိုင်)၁၈၆၅၆၃]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မို့မို့ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၃၆)**
**တိုက်အမှတ်(၃၃)၊ အခန်း(၃၀၄)၊ စီ(၁၀)လမ်း၊ ယုဇနဥယျာဉ်မြို့တော်။**
**၀၉-၄၂၀၁၉၈၈၇၈**

---

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အေးစေတီဘုန်းကြီးကျောင်းဝင်းနေ ဒေါ်ယဉ်ယဉ်သူ [၇/ဒဥန(နိုင်)၀၂၃၆၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် အမှတ်-၉၃၊ ၆-လွှာ/အေ (ခေါင်းရင်းခန်း)၊ မင်္ဂလာလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းအား (၇-၁၀-၂၀၁၄) ရက်နေ့တွင် မူလပိုင်ရှင်ဖြစ်သူ ဒေါ်ချိုချိုထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ၎င်း၏ကိုယ်စားငှားရမ်းခြင်းဆောင်ရွက်ရန်အတွက် ဒေါ်ကြည်ကြည်မူအား လွှဲအပ်ခဲ့ပြီး ဒေါ်ကြည်ကြည်မူ ပြုလုပ်သည့်ကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်သူမှ သိရှိတာဝန်ယူကြောင်းနှင့် ဒေါ်ကြည်ကြည်မူအား ကျွန်ုပ်၏မိတ်ဆွေမှ နားလည်မှုလွဲမှားကာ အထက်ဖော်ပြပါအခန်းနှင့်စပ်လျဉ်း၍ မှားယွင်းစွဲဆိုခဲ့ခြင်းသာဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်သာနှင်းဖြူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၈၇/၂၀၁၉)**
**ရုံး-အခန်းအမှတ်-၃၈၊ ပ-ထပ်၊ Strand Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၁၁၃၇၈**

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးမွန်မြတ်အောင်(ဒုတိယအထွေထွေမန်နေဂျာ)
**မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)**
## အသက်(၈၅)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၈၂၄)နေ (ဦးထွန်းအောင်-ဒေါ်စောရင်)တို့၏သား၊ ဦးမင်းအောင်(USA)၏အစ်ကို၊ (ဦးမြတ်မျိုးအောင်)-ဒေါ်လှဲ့လှဲ့ရီ၊ ဦးမြတ်လင်းအောင်-ဒေါ်ယဉ်မျိုးဝင်းတို့၏ ချစ်လှစွာသောဖခင်၊ ကိုကောင်းမြတ်အောင် (ခေတ္တ-Australia)၊ မဆုမြတ်အောင်၊ မထားနဒီမြတ်၊ မဆုပြည့်အောင်-ကိုမြတ်မင်းခန့်၊ မောင်ဟိန်းထက်အောင်၊ မကျော့ကေသွယ်မြတ်တို့၏ အဘိုး၊ Matthew ၏ဘိုးဘိုးကြီး၊ ဒေါ်တင်တင်ခ (Teacher Baby)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၆-၂၀၂၂ ရက် ညနေ ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၇-၂၀၂၂ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး မြေသို့အပ်နှံခြင်းပြုမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်း
## အသက် (၈၂) နှစ်

ရန်ကုန်မြို့နေ ဦးစိုးမိုး-ဒေါ်သူသူညို(အတွင်းရေးမှူး၊ စစ်ကွင်းအသင်း)၏မိခင်ဖြစ်သူ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၅)လမ်း အရှေ့ အမှတ် (၈၄၉/ခ) နေ ဒေါ်စန်း အသက်(၈၂)သည် ၂၉-၆-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရပါသဖြင့် စစ်ကွင်းအသင်းသူ အသင်းသားများမှ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကွင်းအသင်း**

---

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၄၄၆)၊ အကျယ်အဝန်း (၄၂ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းအောင် (CI-045672)ဖြင့် အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြူကြူခိုင် [၁၂/မဂတ(နိုင်)၀၂၉၈၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကီးရှိန်းဝေ [၄/မတန(နိုင်)၀၀၁၂၄၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးပွင့်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၁)**
**အမှတ်(၄၉၄)၊ ငမိုးရိပ် (၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၃၁၅၃၃၁၀**

---

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီလမ်း၊ အမှတ် ၄၆/၄၈(၄လွှာ)၊ အကျယ်အဝန်း (၁၆'x၅၀') ၃ ခန်းတွဲတိုက် မျက်နှာမူလျှင် လက်ယာဘက်အခြမ်း(အစွန်ဆုံး)တိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော ရေမီးအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

အထက်လိပ်စာတွင် တည်ရှိသည့် ဖော်ပြပါတိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်စိုးစိုးမာ[၅/မရန(နိုင်) ၀၁၇၉၇၆] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**စစ်ကိုင်း-ဦးငွေသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၇၄/၈၄)**

**ဦးမျိုးမျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၀၈)**
**အမှတ်(၉/၁၁)၊ ပထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၇၆၅၉၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မေယု(၃)လမ်း၊ မြေကွက်အမှတ်-(၄၆၃)၊ မြေအကျယ်အဝန်း (အလျား ၄၀' x အနံ ၆၀')အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်စိုး [၁၄/ဟသတ(နိုင်)၂၁၆၈၆၅] အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် ခေါင်းရင်းခြမ်း မြေအကျယ်အဝန်း (အလျား ၂၀' x အနံ ၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေငှားဂရန် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်စိုး [၁၄/ဟသတ(နိုင်)၂၁၆၈၆၅]ထံမှတစ်ဆင့် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှမင်းထွန်း [၇/ကဝန(နိုင်)၁၂၂၁၀၀]က မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါရှိပြီး (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုမိုကို (LL.B, LL.M, D.B.L) အထက်တန်းရှေ့နေ (စဉ်-၄၉၉၈၈)**
**အမှတ်-၁၁၊ သမာဓိ(၃)လမ်း၊ ဆ/က ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း ၀၉-၇၉၂၈၀၇၈၁၁**

---

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်အခွန်ပမာဏ စုစုပေါင်းကျပ် ၅၆ ဒသမ ၄၂၄ ဘီလီယံ အခွန်ကင်းလွတ်ခွင့်ပြုပေးခဲ့

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရအသုံးစရိတ်များ သုံးစွဲရာတွင် အခွန်အကောက်ရငွေများဖြင့် အဓိက သုံးစွဲရပါသည်။ သို့ဖြစ်ရာ ရသင့်ရထိုက်သည့်အခွန်အကောက်ရငွေများ တိုးမြင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုရှေးရှု၍ တည်ဆဲဥပဒေများနှင့်အညီ အခွန်ကင်းလွတ်သက်သာခွင့်နှင့် အခွန်လျှော့ပေါ့ခွင့်တို့ကိုလည်း စိစစ်ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳



၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရေဝေးလမ်းရှိ ရဲကင်းရုံအနီး၌ တွေ့ရှိသိမ်းဆည်းရမိသည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုအား မလိုလားသောပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ အင်းစိန်ပန်းခြံ၌ Teenager Killer Force (TKF) အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ကောင်းသီဟနိုင်(ခ)ဇင်ယော်၊ ငြိမ်းစုရည်ဖြိုး(ခ)ဝေယံ၊ မိုးပွင့်ဖြူ(ခ)လရောင်နှင့် ဝါဝါဦး(ခ)ပန်ပန်တို့အားလည်းကောင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေးအတွက် ပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်း(Mask) မဖြစ်မနေတပ်ဆင်ရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်း၊ ပြည်သူလူထုမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းများ သိသိသာသာ ကျဆင်းလာပြီဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**



### လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းသူအား ဖမ်းဆီးရမိ

စာမျက်နှာ » ၁၆

### ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်တဲ့ အန်ဒီမာရေး

စာမျက်နှာ » ၁၉

